# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 26 January 2023 ၁၀၉၉၂


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် ဗဟိုမဏ္ဍိုင်ဌာန၌ ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတွင် ဌာပနာတော်သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် ဗဟိုမဏ္ဍိုင်ဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီ သွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

(က) ဗိုလ်မှူးကြီး တင့်လွင် ၀၉-၅၁၈၄၃၀၆

( ခ ) ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း ၀၉-၂၀၁၄၄၇၀


ယနေ့ ဖတ်စရာ

ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရှေ့ဆက်ခရီးဆက်နေသော နှစ်ပြည်ထောင်မိတ်ဖက်ဆက်ဆံရေး

ဆောင်းပါး စာမျက်နှာ » ၆

ငြိမ်းချမ်းရေးအသီးအပွင့်များ ခံစားနိုင်မည့် အစပျိုးသော နှစ်တစ်နှစ်ဖြစ်ပါစေ

ဆောင်းပါး စာမျက်နှာ » ၁၀

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

စာမျက်နှာ » ၁၂

ကြေးမုံ

# ဥပဒေစည်းကမ်းများလိုက်နာ တိုင်းပြည်နှင့် လူမျိုးအကျိုးရှေးရှု

ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် နေ့စဉ်ဝယ်ယူစားသောက်သည့်အစားအစာများ ဘေးကင်းလုံခြုံရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ ထိုအချက်ကို အပြည့်အဝဖော်ဆောင်နိုင်ရန်အတွက် စားသုံးသူ၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူ၊ စစ်ဆေးသူ ကဏ္ဍသုံးခုတို့ စနစ်တကျဟန်ချက်ညီစွာဆောင်ရွက်နိုင်ရန်လိုအပ်ပေသည်။ စားသုံးသူပြည်သူများအနေဖြင့် အစားအစာများကို နှစ်သက်ရာ၊ သင့်လျော်ရာတို့ကိုသာ အလျဉ်းသင့်သလို ရွေးချယ်စားသုံးလေ့ရှိကြသည်။

စားသုံးသူများအနေဖြင့် မိမိတို့ဝယ်ယူစားသုံးသည့် အစားအစာများအပေါ်တွင် နှစ်သက်မှုမရှိပါက မေးခွန်းထုတ်ခြင်း၊ အခွင့်အရေးယူခြင်းမရှိပေ။ မနှစ်သက်လျှင် မစားသုံးသည့်သဘောသာရှိသည်။ အမှန်တကယ်တွင် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများကို ရွေးချယ်ဝယ်ယူစားသုံးတတ်သည့် အလေ့အထရှိရန် လိုအပ်ပေသည်။ မြန်မာနိုင်ငံတွင် စားသုံးသူအခွင့်အရေးများနှင့်တာဝန်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးမှုများလိုအပ်သည်။ စားသုံးသူများနှင့်ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးလုပ်ငန်းတို့ကို ဖွဲ့စည်းထားပြီး စားသုံးသူများ၏ လိုအပ်ချက်နှင့် အခွင့်အရေးများ အပြည့်အဝရရှိစေရန် အခွင့်အရေးနှင့်တာဝန်များကို တိတိကျကျရေးဆွဲထားသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ လမ်းညွှန်ချက်များတွင်လည်း ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှုများအား စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်ရရှိစေရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် နစ်နာဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ပါဝင်ကြားနာခွင့်ရရှိစေရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ စားသုံးသူ၏အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှုရရှိစေရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှုများကြောင့် ဖြစ်ပေါ်သော ဆုံးရှုံးနစ်နာမှုများနှင့်စပ်လျဉ်း၍ ကုစားခွင့်ရရှိစေရန်၊ အသိပညာများ၊ အခွင့်အရေးနှင့် သတင်းအချက်အလက်များကို သိရှိလေ့လာခွင့်ရရှိစေရန်၊ ကျန်းမာဝပြောသည့် ပတ်ဝန်းကျင်ကောင်းတွင် ရှင်သန်နေထိုင်ခွင့်ရရှိစေရန် စသည့်အချက်များကို ပြဋ္ဌာန်းထားသည်။

စားသုံးသူများအနေဖြင့် အဆိုပါအခြေခံအခွင့်အရေးများအပြင် တာဝန်များလည်းရှိသည်။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်ဝယ်ယူရာတွင် သဘောတူညီထားသည့် တန်ဖိုးနှင့်အညီ ပေးချေခြင်း၊ စီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုတို့ကို ရှောင်ကြဉ်ခြင်း၊ အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့်ဖြစ်စေ သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် မဟုတ်မမှန်ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည်။ စားသုံးသူရေးရာကိစ္စများနှင့်ပတ်သက်၍ ရောင်းသူ၊ ဝယ်သူ၊ ထုတ်လုပ်သူနှင့်သက်ဆိုင်ရာအဖွဲ့တို့တွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းဥပဒေများအသီးသီးရှိသည်။

မြန်မာနိုင်ငံတွင် ပြည်သူလူထု နေ့စဉ်စားသုံးမှု အဆင်ပြေစေရန်နှင့် သက်သာသောဈေးနှုန်းများဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေးသည် ဦးစားပေးအချက်ဖြစ်သည်။ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးတွင် စတင်စိုက်ပျိုး၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချမှုများသည် အခြေခံကျသည့်အချက်ဖြစ်သည်။ ဥပမာအားဖြင့် ဆိုးဆေးနှင့်ကြာရှည်ခံပစ္စည်းများ သုံးစွဲမှုများကို စတင်ထုတ်လုပ်စဉ်ကတည်းက စနစ်တကျကြပ်မတ်စစ်ဆေးရန်လိုအပ်သည်။ စည်ပင်သာယာရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်များတွင်လည်း ရောဂါကာကွယ်ခြင်းနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာကာကွယ်ခြင်းဟူသည့် အချက်များပါရှိသည်။ ပြည်သူလူထု ကျန်းမာရေးထိခိုက်မှုမရှိစေရေးအတွက် နေ့စဉ်ဝယ်ယူစားသုံးသည့် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေရေးကို ထိရောက်စွာစစ်ဆေးနိုင်ရန်နှင့် စည်းကမ်းဖောက်ဖျက်ပါက အရေးယူဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူများအနေဖြင့် စားသုံးသူရေးရာဆိုင်ရာကိစ္စများနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာရန် လေ့လာထားကြရမည်ဖြစ်သည်။ စားသောက်ထုတ်လုပ်ဖြန့်ဖြူးရေးသာမက အများပြည်သူနှင့်သက်ဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည်တို့နှင့်စပ်လျဉ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ “ဥပဒေမဲ့ဆောင်ရွက်နေမှုများအား ပြောဆိုသတိပေးရမည်များကို ဆောင်ရွက်ရန်ပျက်ကွက်ခဲ့ပါက နောင်တစ်ချိန်တွင် ဒေသနှင့်တိုင်းပြည်အကျိုးစီးပွားကို ကြီးမားစွာသက်ရောက်စေနိုင်ကြောင်း” လမ်းညွှန်ချက်ကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် ဥပဒေနှင့်မညီညွတ်သည့် အစားအစာ၊ စားသောက်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကိုသာမက ပြည်သူလူထုကို ထိခိုက်စေနိုင်သည့် စည်းကမ်းဥပဒေနှင့်မညီညွတ်သည့် မည်သည့်လုပ်ဆောင်မှုများကိုမဆို ကျယ်ကျယ်ပြန့်ပြန့်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားခြင်းအားဖြင့် တိုင်းပြည်နှင့်လူမျိုး၏အနာဂတ် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာမြင့်မြင့်ခိုင်<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (ပခုက္ကူ)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ် (ပခုက္ကူ)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၂) | ဒေါက်တာနန်းစိုးစိုးအောင်<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (လားရှိုး)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (လားရှိုး)<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

# ထားဝယ်မြို့နယ် ပေါက်တိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ထားဝယ် ဇန်နဝါရီ ၂၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းဖြင့် ပေါက်တိုင်းကျေးရွာ နိဗ္ဗာန်လမ်း မြေဖို့ခြင်း ပေ(၂၀၀ x ၁၀x ၅)နှင့် ကွန်ကရစ်ခင်းခြင်း ပေ ၄၀၀ x ၁၀ ပေ x ခြောက်လက်မ လုပ်ငန်းအား နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၁၀ သန်းနှင့် ကျေးရွာပြည်သူ့ထည့်ဝင်ငွေ ၁၁ သန်း စုစုပေါင်း ရန်ပုံငွေ ၂၁ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ထားဝယ်မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးသီနှင့် ဝန်ထမ်းများက ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ၂၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။



၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထားဝယ်မြို့နယ်အတွင်း ကျောက်ရပ်၊ ကျောက်မဲတောင်၊ ဖောင်းတော မီးစက်၊ ကထောင်းနီ၊ ညောင်တုန်းကျေးရွာ ငါးရွာတို့တွင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်၁၀ သန်းစီနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ၂၂

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅- ၁ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၈၅ | ၇၃၁,၀၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၅၀ | ၁၀၁ | ၃၂၈,၂၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၅၅ | ၄၁၂,၅၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၅၈၈ | ၁,၀၅၈,၄၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၁ | ၂,၆၅၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃၀၀ | ၁,၄၇၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၂၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၈၃.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၉.၅၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၃.၉၇၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၉၂.၇၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၂၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၈၈.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၉၅.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၁၆.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၇၀.၂၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီလက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်း လုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။




# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်း ရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်း ရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်း ရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်း ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် စဝ်ဆောင်းဟန်၊ စဝ်အုမ်ခေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်များ တက်ရောက် ကြသည်။



ဒုတိယနေ့ဆွေးနွေးပွဲတွင် ပထမနေ့၌ မပြီးပြတ်သေးသည့် ဆက်လက်ဆွေးနွေးရန်ကိစ္စများ၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ဆိုင်ရာ နှစ်ဖက်အဆိုပြုချက်များ၊ RCSS မှ အဆိုပြုသည့် ရှမ်းပြည်နယ်ဆိုင်ရာ အခြေခံမူဝါဒ(၃၃)ချက်နှင့် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဘုံသဘော တူညီချက်များကို နှစ်ဖက်အပြန်အလှန် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားအမြင်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ယင်းနောက် နှစ်ဖက် ဆွေးနွေးချက်များအရ သဘောတူညီချက်များရယူနိုင်ရန် မူကြမ်းများကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ရပ်နားခဲ့သည်။

တတိယနေ့ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ပြီး နှစ်ဖက်တူညီသည့်သဘောထားများကို သဘောတူညီ ချက်များအဖြစ် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (Grade 9)ပြီးမြောက်အောင်မြင်သူ ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ယူနိုင်မည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

အခြေခံပညာ အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်သူ ကျောင်းသား ကျောင်းသူ များ တက်ရောက်ပညာသင်ယူလေ့ကျင့်နိုင်မည့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်း များဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကျောင်း စီမံ အုပ်ချုပ်မှုကိစ္စရပ်များ တာဝန်ခွဲဝေခြင်း၊ သင်ရိုး ညွှန်းတမ်းများ ရေးဆွဲသတ်မှတ်ခြင်း၊ ပုံနှိပ်စာအုပ် များရိုက်နှိပ်ခြင်း၊ သင်ကြားမည့် ဆရာဆရာမများ သတ်မှတ်ခြင်း၊ ဘာသာရပ်များ ခွဲဝေသတ်မှတ်ခြင်း၊ ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးဖြည့် ဆည်းခြင်း၊ သင်ယူမှုရလဒ်များ စစ်ဆေးခြင်း၊ ဘတ်ဂျက်ခွဲဝေ သုံးစွဲဆောင်ရွက်ခြင်းတို့ကို ဆွေးနွေး ခဲ့ကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ ကျောင်းသား ကျောင်းသူများ အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုး ရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့် ရရှိနိုင်ရေးအတွက် ခရိုင် ၅၀ အတွင်းမှ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း ၅၀ တွင် တွဲဖက် ဖွင့်လှစ်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင် ရွက်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းသည် ခွန်အား ပြည်ထောင်စု၏ နှလုံးသား

# ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၆)နှင့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲ ကျင်းပ





ရန်ကုန် ဇန်နဝါရီ ၂၅

ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၆)နှင့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကေတုမတီခန်းမ၌ ကျင်းပသည်။

## စဉ်ဆက်မပြတ်လေ့လာ

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က အဆင့်မြင့်အရာရှိကြီးများသည် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒများကို ဦးဆောင်အကောင်အထည်ဖော် နေကြရသူများဖြစ်သည့်အတွက် ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး ဖြစ်စဉ်များကို စဉ်ဆက်မပြတ် လေ့လာသွားကြရန် လိုကြောင်း၊ ခေါင်းဆောင်ကောင်း အင်္ဂါရပ်နှင့်အညီ မိမိကိုယ်ကို စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်အောင် ပြောဆို၊ ပြုမူနေထိုင်မှုများကို သတိဖြင့် လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာရှိကြရန်နှင့် လုပ်ဖော်ကိုင်ဖက်များကိုလည်း တိုင်းပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်များရှိလာအောင် စံပြနေထိုင်သွားကြရန်လိုကြောင်း။

ယုံကြည်လေးစားထိုက်သော အရည်အချင်းများဖြင့် ပြည်သူက လေးစားတန်ဖိုးထားရသူများဖြစ်အောင်နေထိုင်ပြီး လုပ်ငန်းတာဝန်များကို တိကျမှန်ကန် မြန်ဆန်စွာ ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရင်းဖြင့် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"**ဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ လေ့ကျင့်သင်ကြားပေးခဲ့သော ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် ပေါင်းစပ်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဆင့်မြင့်အရာရှိကြီးများအနေဖြင့် မိမိတို့အား အပ်နှင်းထားသည့် လုပ်ငန်းတာဝန်များကို အထူးအလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၆)သို့ သင်တန်းသားသင်တန်းသူ ၁၇ ဦးနှင့် အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၉)သို့ သင်တန်းသားသင်တန်းသူ ၄၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်၍ ဘင်းမ်စတက်နိုင်ငံများတွင် စားနပ်ရိက္ခာဖူလုံမှု ရှိစေရေးနှင့် စားနပ်ရိက္ခာစနစ် ရေရှည်တည်တံ့စေရေးဆိုင်ရာ ဒေသတွင်းဆွေးနွေးပွဲ ကျင်းပ




နေပြည်တော် ဇန်နဝါရီ ၂၅

တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ ပါဝင်ဖွဲ့စည်းထားသည့် ဘင်္ဂလားပင်လယ်အော် ဒေသစီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC) ဘင်းမ်စတက်နိုင်ငံများတွင် စားနပ်ရိက္ခာဖူလုံမှုရှိစေရေးနှင့် စားနပ်ရိက္ခာစနစ် ရေရှည်တည်တံ့စေရေးဆိုင်ရာ ဒေသတွင်းဆွေးနွေးပွဲ ("Regional Seminar on Food Security and Sustainable Food Systems in BIMSTEC") ကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်၍ ယနေ့ နံနက် ၉ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဘင်းမ်စတက် အထွေထွေအတွင်းရေးမှူးချုပ် Mr. Tenzil Lekphell နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံ စီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားတွင် ဘင်းမ်စတက်အထွေထွေအတွင်းရေးမှူးချုပ် Mr. Tenzil Lekphell က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုများအပေါ် ကြံ့ကြံ့ခံကျော်လွှားပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူပြုနိုင်ခဲ့ကြောင်း၊ ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုသာမက စားနပ်ရိက္ခာဖူလုံမှုနှင့် ဆက်စပ်လျက်ရှိသည့် အာဟာရချို့တဲ့မှု၊ နာတာရှည်ရောဂါ၊ ဆင်းရဲနွမ်းပါးမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှု စသည့် ကမ္ဘာလုံးဆိုင်ရာပြဿနာရပ်များ၊ လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများအား တုံ့ပြန်နိုင်မှုရှိသည့် မူဝါဒပိုင်းဆိုင်ရာနှင့် စီမံကိန်းများကို အဓိကထား ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ လွတ်လပ်သောကုန်သွယ်မှုကို ဖော်ဆောင်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ဖော်ဆောင်ရန် လိုအပ်ကြောင်း၊ လွတ်လပ်သောကုန်သွယ်မှုမှ တောင်သူ လယ်သမားများ အကျိုးအမြတ်ရရှိစေရန် နိုင်ငံအသီးသီးရှိ အစိုးရများအနေဖြင့် အခြေခံအဆောက်အဦများ၊ သုတေသနလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပြုခြင်း၊ ဈေးကွက်သေချာမှုရှိစေရေးအတွက် ကြားဝင် ဆောင်ရွက်ပေးခြင်း၊ ရာသီဥတုပြောင်းလဲမှုအပေါ် ကြံ့ကြံ့ခံနိုင်ရေးအတွက် ကူညီထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဒုတိယအကြိမ် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေး၌ အတည်ပြုခဲ့သော ဘင်းမ်စတက် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာလာစေရေးလုပ်ငန်း အစီအစဉ်(၂၀၂၃-၂၀၂၇)တွင် ပါရှိသည့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များအနက် "စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရဖူလုံမှု ဖွံ့ဖြိုးတိုးတက်ရေး" အတွက် ဘင်းမ်စတက် ဒေသတွင်းရှိတောင်သူများ၏ ထုတ်လုပ်မှုစွမ်းအား တိုးမြင့်လာစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘင်းမ်စတက် အထွေထွေအတွင်းရေးမှူးချုပ် Mr. Tenzil Lekphell က အဖွဲ့ဝင်နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန်အတွက် ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးများ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် တွေ့ဆုံခဲ့ပြီး ဘင်းမ်စတက် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် လုပ်ငန်းအစီအစဉ်ကို ချမှတ်ခဲ့ကြောင်း၊ ယင်းလုပ်ငန်းအစီအစဉ်တွင် စားနပ်ရိက္ခာဖူလုံရေး၊ စားနပ်ရိက္ခာလုံခြုံမှုရှိစေရေး၊ ကျေးလက်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံနိုင်ရည်ရှိစေရေး ရည်ရွယ်ချက်ဖြင့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ငါးခုတွင် လုပ်ငန်းအစီအစဉ် တစ်ဆယ့်ခုနစ်ခုကို ဖော်ပြထားကြောင်း၊ ယနေ့ကျင်းပသော ဆွေးနွေးပွဲသည် ဤလုပ်ငန်း အစီအစဉ်အသစ်အရ အကောင်အထည်ဖော်လျက်ရှိသော ပထမဆုံးလုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်ပြီး လုပ်ငန်းအစီအစဉ် (Plan of Action) ကို စတင်အကောင်အထည်ဖော်ခဲ့သည့် မြန်မာနိုင်ငံအား ထပ်မံချီးကျူးလိုကြောင်း၊ ယနေ့ ဆွေးနွေးပွဲသည် ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာချိန်တွင် ကျင်းပခြင်းဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံများရှိ တက်ရောက်လာသူများက အမြင်ချင်းဖလှယ်ခြင်း၊ ကျွမ်းကျင်မှုနှင့် သတင်းအချက်အလက်များကိုမျှဝေကြပြီး ဘင်းမ်စတက်ဒေသရှိ စားနပ်ရိက္ခာဖူလုံမှုနှင့် ရေရှည်တည်တံ့သော စားနပ်ရိက္ခာစနစ်ဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် မူဝါဒဆိုင်ရာအကြံပြုချက်များကို ဆွေးနွေးနိုင်မည်ဖြစ်သည်ဟု ယုံကြည်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် ဘင်းမ်စတက်နိုင်ငံများရှိ ထိခိုက်လွယ်သော၊ ရုတ်တရက်ဖြစ်ပေါ်လာသော အကြောင်းအရာများနှင့် ဖိအားများအပေါ် ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် စားနပ်ရိက္ခာစနစ်များ တည်ထောင်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအသီးသီးရှိ စားနပ်ရိက္ခာဖူလုံမှုတိုးမြင့်စေရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှေ့ဆက်လက် ဆောင်ရွက်သင့်သော လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြပြီး ဘင်းမ်စတက် ဒေသတစ်ခုလုံး စားနပ်ရိက္ခာဖူလုံမှုရှိစေရေးနှင့် စားနပ်ရိက္ခာစနစ် ရေရှည်တည်တံ့စေရေးဆိုင်ရာ ရှေ့ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




# အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေး

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လူမှုဖူလုံရေးရုံး ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများဖြစ်ကြသည့် ဦးဖြိုးမင်းအောင်၊ ဦးနေချစ်ဦးနှင့် ဦးဇော်မျိုးအောင်တို့အတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး လူမှုဖူလုံရေးတိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးက မြို့နယ်လူမှုဖူလုံရေးရုံး ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် အာမခံအလုပ်သမား ဦးဖြိုးမင်းအောင် အလုပ်ခွင်ထိခိုက်မှုကြောင့်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၃၆၀၀၀၀၀ အား မိခင်ဖြစ်သူ ဒေါ်သန်းသန်းအေးထံသို့လည်းကောင်း၊ အာမခံအလုပ်သမား ဦးနေချစ်ဦး အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၉၅၀၀၀ အား ဇနီးဖြစ်သူ ဒေါ်ယုဇနအောင်ထံသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရုံးတွင် အာမခံအလုပ်သမား ဦးဇော်မျိုးအောင် အလုပ်တွင် ထိခိုက်မှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၅၀၀၀၀၀ အား ဇနီးဖြစ်သူ ဒေါ်မိမိလွင်ထံသို့လည်းကောင်း အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ ရှေ့မှောက်တွင် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းများ ထုတ်ပေးခဲ့ကြောင်း သိရသည်။





# အခြေခံပညာ ကျောင်းသားအားကစားပွဲတော် အားကစားနည်းအလိုက် ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစားပွဲတော်၌ သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းရုံများတွင် ယနေ့ နံနက်ပိုင်းမှစတင်ပြီး ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ယနေ့ညနေပိုင်းတွင်ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါယှဉ်ပြိုင်ကစားနေမှုကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များ လာရောက်ကြည့်ရှုအားပေးသည်။

ယနေ့နံနက်မှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ Boxing အားကစားခန်းမ၌ ကျင်းပသည့် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ကျင်းပသည့် အမျိုးသမီးဘော်လီဘော ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြပြီး အမျိုးသားဘော်လီဘော ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက နေပြည်တော်ကောင်စီနယ်မြေအသင်းကို သုံးပွဲ နှစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကြကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြပြီဖြစ်သည်။

နံနက်ပိုင်းတွင် ကျင်းပသည့် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ညနေပိုင်းတွင် ကျင်းပသည့် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ဇန်နဝါရီ ၂၆ ရက်တွင် ဘော်လီဘော (အမျိုးသား၊ အမျိုးသမီး) ဗိုလ်လုပွဲစဉ်များကို လည်းကောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် ဘောလုံး (အမျိုးသား၊ အမျိုးသမီး) ဗိုလ်လုပွဲစဉ်များကိုလည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့၌ မြန်မာ့ခရီးသွားပြပွဲ(၂၀၂၃) စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာ့ခရီးသွားပြပွဲ(၂၀၂၃)ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ၊ လေကြောင်းလိုင်းဝန်ဆောင်မှုများ၊ ဟိုတယ်နှင့်အစားအသောက်လုပ်ငန်းများ၊ လက်မှုပညာများ၊ ပြည်တွင်းထွက်ဒေသထုတ်ကုန်များ၊ ဒေသအစားအစာများ၊ အာမခံလုပ်ငန်းဝန်ဆောင်မှုများ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကုမ္ပဏီပြခန်းများအပါအဝင် ပြခန်းပေါင်း ၄၀ ကျော် ပြသရောင်းချသွားမည် ဖြစ်သည်။

ယင်းပြပွဲကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်အသင်းမှ ဦးစီးကျင်းပခြင်းဖြစ်ပြီး ခရီးသွားရာသီအစဖြစ်သော ဇန်နဝါရီလတွင် မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ရပ်ဖြစ်စေရန် ရည်ရွယ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

**သွားရောက်လည်ပတ်**

၂၀၂၃ ခုနှစ် ခရီးသွားရာသီတွင် အေးမြသော ဆောင်းရာသီနှင့်အတူ အပန်းဖြေသူများ၊ လေ့လာရေးခရီးသွားသူများသည် ပုဂံ၊ ပုပ္ပား၊ ပင်းတယ၊ အင်းလေး၊ ငပလီ၊ ချောင်းသာ၊ ငွေဆောင်၊ မြိတ်ကျွန်းစုနှင့် သမိုင်းဝင်ဘုရားစေတီတို့သို့ သွားရောက်လည်ပတ်လျက်ရှိပြီး အပန်းဖြေခရီးစဉ် မြန်ဆန်ချောမွေ့စေရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်မိတ်ဖက်အသင်းတို့ပူးပေါင်း၍ ခရီးသွားဝန်ဆောင်မှုပေးထားကြောင်း သိရသည်။

မြန်မာ့ခရီးသွားပြပွဲသို့ လာရောက်လေ့လာသူများကို ပြည်တွင်း၊ ပြည်ပလေယာဉ်လက်မှတ်များ၊ မိုးပျံဘောလုံးစီးနင်းခွင့်လက်မှတ်နှင့် ဟိုတယ်တည်းခိုခွင့် လက်မှတ်တို့ကို Lucky draw အစီအစဉ်ဖြင့် ညနေ ၄ နာရီတွင် ကံစမ်းပေးသွားမည်ဖြစ်ပြီး ပြပွဲကို နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ သိမ်ဖြူလမ်းဂိတ်နှင့် မဟာဗန္ဓုလလမ်းဂိတ်တို့မှ ဝန်ကြီးများရုံးအတွင်း ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ **ညိမ်းသူ(သတင်းစဉ်)**

# စစ်တွေမြို့၌ လူငယ်စကားဝိုင်းနှင့် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်၊ စာပေပြပွဲ ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၂၅**

ရခိုင်ပြည်နယ် စစ်တွေခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းနှင့် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်၊ စာပေပြပွဲကို ယမန်နေ့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (စစ်တွေ)အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**စကားဝိုင်းဆွေးနွေး**

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေခရိုင်ရုံး ဦးစီးအရာရှိ ဦးမြင့်စိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး အထက-၁(စစ်တွေ)မှ ကျောင်းသား ကျောင်းသူများက စကားဝိုင်းဆွေးနွေးကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ခန်းမအတွင်း၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ သဘာဝဘေးအန္တရာယ်အသိပညာပေးဓာတ်ပုံ၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာပေများ ခင်းကျင်းပြသထားမှုအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေခရိုင်ရုံးမှ ဝန်ထမ်းများ၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း (စစ်တွေ) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်း ပူးပေါင်းဆောင်ရွက်

**သီပေါ ဇန်နဝါရီ ၂၅**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းတွင် နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ သီပေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်မြတ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ညွန့်နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပြည်တွင်း၊ ပြည်ပဧည့်သည်များ လာရောက်လေ့လာရာ သီပေါမြို့ အနော်မာ ရှေးဟောင်းဘုရားစေတီတော်များနှင့် အနီးပတ်ဝန်းကျင်၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **၂၁၀**



# တနိုင်းမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**တနိုင်း ဇန်နဝါရီ ၂၅**

ကချင်ပြည်နယ် တနိုင်းမြို့၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၁ နာရီတွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပညာရေးမှူး ဦးအောင်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဝါဦးက လူငယ်စကားဝိုင်းကျင်းပခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ ဦးစီးအရာရှိ ဒေါ်ဝါဦးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး (အထက-၁) ကျောင်းမှ Grade -10 ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ကြီးပွားရေး၊ လူငယ်နှင့် ခေါင်းဆောင်မှုကဏ္ဍနှင့် လူငယ်နှင့် ယဉ်ကျေးမှုတန်ဖိုး ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။ ဆက်လက်၍ (အထက-၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်ကော့ဖန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ပန်းအိ(ပြန်/ဆက်)**



# အလုံမြို့နယ်၌ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်း အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားပြတ်တောက်မှုမဖြစ်ပေါ်စေရေးနှင့် ဗို့အားပြည့်ဝစွာအသုံးပြုနိုင်ရေးတို့အတွက် 6.6kV ရုံးချုပ်အလုံ၊ 6.6kV ရုံးချုပ် သဇင်လမ်း ဖီဒါကောင်းကင်ဓာတ်အားလိုင်း၏ သစ်တောလမ်း၊ ကျောင်းလမ်းနှင့် အလုံလမ်းတစ်လျှောက်ရှိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၄ ရက်တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာ၌ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးဝန်ထမ်းအင်အား ၃၀၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်း ၁၅ ဦး၊ အမှိုက်သိမ်းယာဉ်လေးစီးတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ကျော်**

မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး

# ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရှေ့ဆက်ခရီးဆက်နေသော နှစ်ပြည်ထောင်မိတ်ဖက်ဆက်ဆံရေး

မိုးကေနိုင်

ကမ္ဘာမှာ တည်ငြိမ်အေးချမ်းမှုပြယုဂ်တစ်ခုကို ပြပါဆိုရင် မိတ်ဆွေပေါ်များခြင်းဆိုတဲ့ အမှတ်လက္ခဏာတစ်ခုကို ချန်ရစ်ထားလို့မရပါဘူး။ လက်ရှိကမ္ဘာကြီးဟာ ငြီးငွေ့စရာအတိ၊ စိုးရိမ်မှုတွေနဲ့ ပြည့်လို့နေပါတယ်။ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး အသွင်မတူမှုတွေ၊ ကွဲပြားမှုတွေကြားမှာ ပဋိပက္ခတွေ နေရာအနှံ့တွေ့နေရပါတယ်။

ကမ္ဘာနဲ့ချီပြီး ငြိမ်းချမ်းရေး တိုးတက်တည်ဆောက်ဖို့ဝေးစွ။ မူလကတည်းက မတည့်ရန်စောင်နေသူတွေကြားမှာပိုပြီးတင်းမာလာနေတာတွေ့နေရတယ်။ တည်ငြိမ်မှုနဲ့ပိုပြီး အလှမ်းဝေးလာနေတယ်။ မူလက မိတ်ဆွေတွေဖြစ်ခဲ့ကြပေမယ့် အခုအချိန်မှာ ရန်သူသဖွယ် အဆိုးဘက် ဦးတည်လာနေကြပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်အမျိုးသားရေး အကျိုးစီးပွားဦးစားပေး အခြေခံစဉ်းစားလာကြတဲ့အခါ အမြဲတမ်းမိတ်ဆွေ၊ အမြဲတမ်းရန်သူမရှိဆိုတဲ့မှတ်ချက်က ရေပန်းစားလာပါတယ်။

## မိတ်ဆွေကောင်းတစ်ဦးနှင့် မိတ်ဆွေဖြစ်ရခြင်း အကျိုးရလဒ်

ယနေ့ကမ္ဘာ့မျက်မှောက်အခြေအနေအရတော့ မိတ်ဆွေရှားလာပါပြီ။ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်ရှားသည်ထက် ရှားလာပါပြီ။ တစ်ချိန်လုံး ကိုယ့်နိုင်ငံကို ဘယ်တော့မှ အကောင်းမမြင်၊ ဒုက္ခပေးမယ်ဆိုတာချည်းပဲဆိုတဲ့ နိုင်ငံတွေကြား၊ ကိုယ့်အကျိုးစီးပွားကိုသာအဓိကထားဦးထိပ်ထားသူတွေကြားမှာ မိတ်ဆွေအစစ်အမှန်ရှိဖို့၊ ရဖို့ဆိုတာ မလွယ်လှပါဘူး။ တစ်ဦးနဲ့တစ်ဦး မေတ္တာတရား၊ နားလည်မှုနဲ့ စာနာစိတ်တွေဟာ မိတ်ဆွေကောင်းတစ်ဦးရဲ့ အခြေခံအမှတ်အသားတွေပါပဲ။

> **ယနေ့ကမ္ဘာ့ပြည်သူတွေ လိုလားနေတာက လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးမှုမှတစ်ဆင့် စိတ်အေးချမ်းသာမှုနဲ့ ပျော်ရွှင်မှုပါ။ ထိုအချက်တွေ ပေးစွမ်းနိုင်ပြီး အတ္တမကြီးဘဲ စာနာထောက်ထားမှုပေးနိုင်တဲ့ ဘယ်သူ့ကိုမဆို အပြန်အလှန်ယုံကြည်မှုပေးနိုင်ပါတယ်။ သူ့အကျိုး၊ ကိုယ့်အကျိုး နီးစပ်အောင်ပြုနိုင်တဲ့ မည်သူ့ကိုမဆို အပြန်အလှန်နားလည်မှုတွေပေးနိုင်ကြပါတယ်။ အဖျက်သဘောဆောင်ပြီး ပဋိပက္ခမီးစတင်ဖန်တီးသူ၊ မီးရှို့သူ၊ ရန်လိုနိုင်ထက် အနိုင်ကျင့်သူ မည်သည့်နိုင်ငံ မည်သူ့ကိုမျှ မလိုလားကြပါဘူး။ ဒီအချက်တွေကို ရုရှားနိုင်ငံဘက်မှာရော မြန်မာနိုင်ငံဘက်မှာပါ တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့်လည်း ရုရှား-မြန်မာဆက်ဆံရေးကို နိုင်ငံတကာဆက်ဆံရေးမှာ နမူနာယူစရာတစ်ခုအဖြစ် ညွှန်းဆိုခဲ့ခြင်းဖြစ်**

မိတ်ဆွေကောင်းတို့မည်သည် ကိုယ့်အတွက်သာမက ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်အတွက်လည်း အရေးပါသူတစ်ဦးဖြစ်ဖို့လိုအပ်သလို နိုင်ငံတစ်နိုင်ငံအနေနဲ့ဆိုရင်လည်း တကယ့်မိတ်ဆွေနိုင်ငံကောင်း တစ်နိုင်ငံနဲ့ မိတ်ဆွေဖြစ်မိတဲ့အတွက် ကိုယ့်နိုင်ငံအတွက်သာမက ကိုယ့်ဘေးဝန်းကျင် အိမ်နီးချင်းနိုင်ငံတွေအပါအဝင် ကိုယ့်ဒေသအကျိုးအတွက်ပါ၊ နောက်ဆုံးကမ္ဘာကြီးအတွက်ပါ အကျိုးဖြစ်ထွန်းမှုရလဒ်ကောင်းများစွာ သယ်ဆောင်ပေးနိုင်သူဖြစ်ရပါလိမ့်မယ်။ ထိုနိုင်ငံနဲ့ မိတ်ဆွေဖြစ်ခြင်းရဲ့အကျိုးက မိမိနိုင်ငံဟာ မိမိတည်ရှိရာ ဒေသကြီးအတွက် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆုံချက်တစ်ခုဖြစ်လာနေတာဆိုရင် အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါလိမ့်မယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် ဇူလိုင် ၁၂ ရက်က အလုပ်သဘောတွေ့ဆုံဆွေးနွေးစဉ်။

## တည်ငြိမ်အေးချမ်းရေးကွက်လပ်တစ်ခု ဖြည့်ဆည်းပေးလျက်ရှိ

ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ ကျွန်တော်တို့နိုင်ငံအကြား တကယ့်မိတ်ဆွေအရင်းအချာ ညီရင်းအစ်ကိုများအဖြစ် ကြိုးပမ်းတည်ဆောက်နိုင်မှုဟာ အထက်ပါသာဓကရလဒ်ရဲ့ ပြယုဂ်တစ်ခုအဖြစ် မြင်မယ်ဆိုပါက မြင်လို့ရပါပြီ။ နှစ်နိုင်ငံကြား တုန္နိုင်းလို့မရတဲ့ ချစ်ကြည်ရင်းနှီးမှုဟာ မိမိနိုင်ငံအတွက်သာမက မိမိဒေသကြီး ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ပေါင်းကူးတံတားတစ်ခု ဖြစ်လာနေပါတယ်။

ဒေသတွင်းပဋိပက္ခတွေနဲ့ ကမ္ဘာစစ်နှုတ်ခမ်းဝနီးလာနေတဲ့ ဒီကမ္ဘာကြီးမှာ တာဝန်မဲ့စွာ မနေသင့်ဘဲ ဒေသဆိုင်ရာဝန်းကျင်ကောင်းတစ်ခု ဖန်တီးနိုင်ဖို့ ကိုယ်စီတာဝန်ရှိကြတယ်လို့ မြင်မိပါတယ်။ ဒီကွက်လပ်ကို ရုရှား- မြန်မာ ချစ်ကြည်ရေးက ဖြည့်ဆည်းပေးလျက် ရှိပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးမှု၊ မိတ်ဆွေဖြစ်မှုကို အဟန့်အတားလုပ်နေကြခြင်းကသာ တာဝန်မဲ့ခြင်း ဖြစ်နေပါတယ်။

ကမ္ဘာ့နေရာအတော်များများမှာ တရားမျှတမှုကင်းမဲ့နေခြင်းနဲ့ ကြီးနိုင်ငယ်ညှဉ်း စိတ်ဓာတ်ပပျောက်ရေးအတွက်ဆိုရင် ခိုင်မာတဲ့ ယုံကြည်မှုတွေနဲ့သာ ဖြေရှင်းနိုင်လိမ့်မယ်လို့ ယူဆပါတယ်။ ရုရှား- မြန်မာချစ်ကြည်ရေးနဲ့ ရေရှည်မဟာမိတ်တွေအဖြစ် တိုးတက်ဖြစ်ထွန်းမှုက ယနေ့ကမ္ဘာကြီးမှာ အရေးတကြီးလိုအပ်နေတဲ့ တည်ငြိမ်အေးချမ်းမှုအတွက် တွန်းအားတစ်ခု၊ သက်ရောက်မှုတစ်ခု ဖြစ်လေမလား...၊ နှစ်နိုင်ငံပြည်သူတွေက စောင့်ကြည့်နေကြမှာဖြစ်သလို ငြိမ်းချမ်းမှုလိုလားတဲ့ ကမ္ဘာ့ပြည်သူတွေကလည်း စောင့်ကြည့်မျှော်လင့်နေကြမှာ မလွဲပါဘူး။မြန်မာနိုင်ငံ ပြည်သူတစ်ယောက်အနေနဲ့တော့ ရုရှား- မြန်မာချစ်ကြည်ရေးကို ယုံကြည်မှုအပြည့်၊ လေးစားမှုအပြည့်နဲ့ အကောင်းမြင် အပြုသဘောမျှော်လင့်ထားပြီး ဖြစ်ပါတယ်။

## ဖိအားအကျပ်အတည်းများစွာအတွက် ဖြေဆေးများရှိလာနေပါပြီ

ကမ္ဘာ့နေရာတစ်ခုက အခက်အခဲ အကျပ်အတည်းတစ်ခုဟာ ကမ္ဘာ့အခြားနေရာများစွာအပေါ် အနည်းနဲ့အများ သက်ရောက်မှု ရှိတတ်ပါတယ်။ တစ်နိုင်ငံရဲ့အခက်အခဲဟာ အခြားနိုင်ငံတွေနဲ့လည်း သက်ဆိုင်ပါတယ်။ ရုရှား- မြန်မာ ချစ်ကြည်ရေးပုံစံကို ကြည့်ရင် ဖိအားအပြည့်နဲ့ နိုင်ငံတွေအတွက်တော့ နမူနာယူစရာ မိတ်ဖက်ပုံစံတစ်ခု ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအတော်များများဟာ ကိုဗစ်- ၁၉ ကပ်ကြီးနဲ့အတူ စီးပွားရေး တုံ့ဆိုင်းကျဆင်းမှု၊ လောင်စာ စားနပ်ရိက္ခာမလုံလောက်မှုစတဲ့ ဖိအားများစွာနဲ့ ရင်ဆိုင်နေရတဲ့ လက်ရှိအခြေအနေဆိုးတွေကနေ ကျော်လွှားလွန်မြောက်လိုကြပါတယ်။ အခုလို အခက်အခဲတွေကို ဘယ်လိုရင်ဆိုင်ကြမလဲ၊ ရနိုင်တဲ့အဖြေတစ်ခုက ယုံကြည်ရပြီး ခိုင်မာအားကောင်းတဲ့ မိတ်ဆွေအစစ်အမှန်ကို ရှာဖွေပိုင်ဆိုင်နိုင်ကြဖို့နဲ့ စစ်မှန်တဲ့ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တစ်ခုမှာ ပါဝင်နိုင်ကြဖို့ပါပဲ။

၂၀၂၂ ခုနှစ် စက်တင်ဘာလနဲ့ အောက်တိုဘာလတွေမှာ ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့နဲ့ ဥဇဘက်ကစ္စတန်နိုင်ငံတွေမှာ ကျင်းပပြီးစီးခဲ့ကြတဲ့ အရှေ့ဖျားစီးပွားရေးဖိုရမ်ကြီး East Economic Forum နဲ့ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ထိပ်သီးအစည်းအဝေး (SCO) တွေကို အကဲဖြတ်ကြည့်ရင် သိနိုင်ပါတယ်။ ယနေ့ကမ္ဘာ့ပြည်သူတွေ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများစွာက ပြည်သူတွေအတွက် အဆိုပါ EEFနဲ့ SCO ယုံကြည်မှု ပလက်ဖောင်းတွေကို ဖြေဆေးတစ်ခုနှယ် မြင်ယောင်မိပါတယ်။ ရုရှားနဲ့တရုတ်နိုင်ငံတို့ ဦးဆောင်လာနိုင်တဲ့ ပထဝီနိုင်ငံရေး၊ စီးပွားရေးဆုံချက် ပြောင်းလဲလာနေတဲ့အနေအထားတွေကို သတိပြုမိဖို့လိုပါမယ်။ မေတ္တာတရားခေါင်းပါးပြီး လောဘဇောတိုက်နေတဲ့ ယခုလိုကမ္ဘာကြီးရဲ့ အနေအထားတစ်ခုမှာ မိမိအားကိုးရမယ့်သူဟာ နောက်ကျောဓားနဲ့ထိုးမယ့်သူလား၊ ကမ္ဘာမီးလောင် သားကောင်ချနင်း၊ မြေနိမ့်ရာ လှံစိုက်မယ့်သူလား မြော်တွေးရှာဖွေချဉ်းကပ်နိုင်ရပါမယ်။ မိမိတို့ရဲ့ မိတ်ဆွေဖြစ်မယ့်သူဟာ မျှမျှတတနဲ့ အပြန်အလှန် မျှဝေနိုင်စွမ်းအားကြီးသူ၊ အကူအညီလိုအပ်တဲ့အချိန် ကူညီဖေးမနိုင်စွမ်းရှိသူသာ ဖြစ်သင့်သလို ဒုက္ခပေးမယ့်သူ မဖြစ်သင့်၊ ဒုက္ခရောက်နေစဉ် ရှောင်ပြေးသူမဖြစ်သင့်ဘူးလို့ဘဲ ယူဆမိပါတယ်။

## သင်ခန်းစာယူသင့်တာကိုယူပြီး လက်တွဲဆောင်ရွက်သွားကြမယ်

ကမ္ဘာ့နေရာအချို့မှာ စစ်မှန်တဲ့ မဟာမိတ်ဖြစ်မှုဟာ အရေးကြီးသွေးနီးတယ်ဆိုတဲ့ သာဓကတွေအများကြီး ရှိနေပါတယ်။ ကိုယ့်လုပ်ရပ်ကြောင့် စီးပွားရေးပိတ်ဆို့မှု တစ်ခုခုကြောင့်ပဲ ဆိုပါတော့။ ကိုယ့်ရဲ့ ရန်ဘက်နိုင်ငံတစ်နိုင်ငံကို စီးပွားရေးဒဏ်ခတ်လိုက်လို့ ကိုယ့်ရဲ့လက်တွဲဖော် မဟာမိတ်နိုင်ငံတွေ ဘယ်လိုဘယ်ပုံ ထိခိုက်သွားကြသလဲ.။ စွက်ဖက်တုန်းက ဝင်ရောက်စွက်ဖက်ခဲ့ပြီးမှ ကိုယ့်အကျိုးစီးပွားနဲ့ ဆန့်ကျင်လာတဲ့အခါ ကိုယ့်ရဲ့မဟာမိတ်နိုင်ငံတစ်နိုင်ငံအပေါ် ဖြစ်ချင်ရာဖြစ်ထား၊ ကိုယ်လွတ်ရုန်းသွားတဲ့ နိုင်ငံတစ်နိုင်ငံအပေါ် ဘယ်လိုအခြေအနေမျိုးမှာမှ ယုံကြည်မှုထားလို့မရတဲ့အပေါ်မှာ သင်ခန်းစာယူနိုင်ဖို့ လိုပါတယ်။

ကိုယ့်ရဲ့ မဆင်မခြင်လုပ်ရပ်တစ်ခုကြောင့် ကိုယ့်မိတ်ဆွေတွေ ဒုက္ခရောက်မယ့်အရေး မဆန်းစစ်နိုင်လောက်အောင် အတ္တကြီးသူတွေ ကမ္ဘာပေါ်မှာ ရှိနေတယ်ဆိုတာကို မြင်တတ်ဖို့လိုပါတယ်။ ဒါဟာ မိတ်ဆွေစစ်နဲ့ မိတ်ဆွေတု ခြားနားချက်တွေထဲက တစ်ခုပါပဲ။

စာမျက်နှာ ၇ သို့ ✳

# စမတောင်တော်ပေါ်ရှိ ကမ္ဘာ့ကပ်ကျော်စေတီတော်တွင် ထုံးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အောင်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် တည်ထောင်ကျေးရွာအုပ်စု စမတောင်တော်ပေါ်တွင် တည်ထားကိုးကွယ်ထားသော ကမ္ဘာ့ကပ်ကျော်စေတီတော်၌ ထုံးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ စမတောင်တော် ကမ္ဘာ့ကပ်ကျော် စေတီတော်မှ ဆရာတော် ဘဒ္ဒန္တဉာဏ္ဍနေ္တာဘာသအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များ တက်ရောက်သည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့်ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက ကမ္ဘာ့ကပ်ကျော်စေတီတော်ကြီးအား ထုံးသင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဘုရားကျောင်းကန်အတွင်း သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ထုံးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဆရာတော် ဘဒ္ဒန္တဉာဏ္ဍနေ္တာဘာသထံမှ တက်ရောက်လာသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဆရာတော် ဘဒ္ဒန္တဉာဏ္ဍနေ္တာဘာသထံမှ အနုမောဒနာတရားနာကြားကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ ဦးဆောင်မှုဖြင့် မြို့နယ်များအတွင်းရှိ ဘုရား၊ စေတီများတွင် ထုံးသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဘုရားကျောင်းကန်များအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်တွေမြို့ လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**စစ်တွေ ဇန်နဝါရီ ၂၅**

စစ်တွေမြို့ လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်ကြီး ပုရိဝုဏ်အတွင်းအပြင် သန့်ရှင်းသာယာလှပရေးအတွက် ယနေ့မွန်းလွဲ ၂ နာရီက နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

**စုပေါင်းသန့်ရှင်းရေးဆောင်ရွက်**

လက်ဝဲသလုံးတော်ဓာတ်စေတီတော်မြတ်ကြီးတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ ပရဟိတအဖွဲ့များက စေတီတော်မြတ်ကြီးခြံဝင်းနှင့် ရင်ပြင်တို့တွင် စွန့်ပစ်အမှိုက်များ ကောက်ယူသိမ်းဆည်းခြင်း၊ မြက်ပင်များ၊ ပေါင်းပင်များ၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်ကြသည်။ ထို့ပြင် ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ စေတီတော်မြတ်ကြီး သန့်ရှင်းသာယာစေရေး၊ ဘုရားကြီးရင်ပြင်နှင့် ဘုရားကြီးအနီး ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ အလားတူ စည်ပင်သာယာရေးအဖွဲ့ကလည်း စွန့်ပစ်အမှိုက်များကို သိမ်းဆည်းပြီး အမှိုက်သိမ်းကားဖြင့်သိမ်းယူကာ သတ်မှတ်နေရာတွင် စနစ်တကျစွန့်ပစ်ခဲ့ကြောင်း သိရသည်။

**လှည့်လည်ကြည့်ရှု**

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သွားရောက်လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

* စာမျက်နှာ ၆ မှ

မြန်မာနဲ့ရုရှား ဆက်ဆံရေးမှာတော့ အခုလို ကမ္ဘာ့သမိုင်းဖြစ်ရပ်တွေအပေါ်မှာ သုံးသပ်ဆင်ခြင်ပြီး အမြော်အမြင်ရှိရှိနဲ့ သင်ခန်းစာယူသင့်တာကိုယူ၊ နားလည်မှုရှိရှိ ဆက်လက်လက်တွဲဆောင်ရွက်ကြမယ့်အနေအထားတစ်ခု ထင်ထင်ရှားရှားတွေ့ရပါတယ်။

**ဒေသတွင်းသဟဇာတဖြစ်ဖို့ အထောက်အပံ့ကောင်းတစ်ခု ဖြစ်လာနိုင်**

မြန်မာနဲ့ရုရှား ဆက်ဆံရေးမှာ နောက်ခံအကြောင်းတရားတွေကို ပြန်ကြည့်ရင် အနိမ့်အမြင့်ပေါင်းစုံနဲ့ တူတာတွေရှိသလို မတူတာတွေလည်း ရှိပါတယ်။ ဒါပေမဲ့ နှစ်နိုင်ငံလုံးမှာ ရင်ဆိုင်နေရတာချင်း တူတယ်။ ဘုံအကျိုးစီးပွားချင်း တူတယ်။ ထို့ကြောင့် ရပ်တည်ချက်ချင်းလည်း တူကြပါတယ်။ အကျိုးစီးပွားချင်းတူရင် နားလည်မှုလွဲတာ၊ တစ်ဦးနဲ့တစ်ဦး သံသယဝင်တာ ရှိနိုင်ပါတော့မလားဆိုတာ တွက်ဆမိတယ်။

အကျိုးစီးပွားမတူလို့ ရပ်တည်ချက် မတူညီခြင်းတွေ မိမိပတ်ဝန်းကျင်မှာကို တွေ့မြင်နေရတာ အများကြီးပါ။ အကျိုးစီးပွား ဘက်ပြိုင်မှုတွေနဲ့ လွှမ်းမိုးလိုမှုတွေကြောင့် ပဋိညာဉ်စာတမ်းတွေနဲ့ ခက်ခက်ခဲခဲတည်ဆောက်ထားရတဲ့ နိုင်ငံတကာမိတ်ဆွေဖြစ်မှုတွေ၊ညီညွတ်မှုတွေဟာ တဖြည်းဖြည်းအားလျော့ဆုတ်ယုတ်လာနေတယ်လို့ပဲ သုံးသပ်မိပါတယ်။ လိုရာဆွဲ ဝင်ရောက်စွက်ဖက်မှုတွေကြားကနေ အစည်းပြေသလိုဖြစ်လာနေတဲ့၊ လိုအပ်နေတဲ့ ဒေသတွင်း ညီညွတ်မှု သဟဇာတတစ်ခုဆီ မြန်မာ-ရုရှား ဆက်ဆံရေးကပဲ ပြန်လည်တည်ထောင်ပေးနိုင်မလားဆိုတဲ့ အကူအညီတစ်ခုကိုတော့ အကောင်းမြင်မှုများစွာနဲ့ အားကိုးတကြီးမျှော်လင့်နေမိပါတော့တယ်။

**နိုင်ငံတကာဆက်ဆံရေးမှာ နမူနာကောင်းတစ်ခုအဖြစ်ပြသနေ**

ယနေ့ကမ္ဘာ့ပြည်သူတွေ လိုလားနေတာက လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးမှုမှတစ်ဆင့် စိတ်အေးချမ်းသာမှုနဲ့ ပျော်ရွှင်မှုပါ။ ထိုအချက်တွေ ပေးစွမ်းနိုင်ပြီး အတ္တမကြီးဘဲ စာနာထောက်ထားမှုပေးနိုင်တဲ့ ဘယ်သူ့ကိုမဆို အပြန်အလှန်ယုံကြည်မှု ပေးနိုင်ပါတယ်။ သူ့အကျိုး၊ ကိုယ့်အကျိုး နီးစပ်အောင်ပြုနိုင်တဲ့ မည်သူ့ကိုမဆို အပြန်အလှန် နားလည်မှုတွေပေးနိုင်ကြပါတယ်။ အဖျက်သဘောဆောင်ပြီး ပဋိပက္ခမီး စတင်ဖန်တီးသူ၊ မီးရှို့သူ၊ ရန်လိုနိုင်ထက် အနိုင်ကျင့်သူ မည်သည့်နိုင်ငံ မည်သူ့ကိုမျှ မလိုလားကြပါဘူး။ ဒီအချက်တွေကို ရုရှားနိုင်ငံဘက်မှာရော မြန်မာနိုင်ငံဘက်မှာပါ တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့်လည်း ရုရှား-မြန်မာဆက်ဆံရေးကို နိုင်ငံတကာဆက်ဆံရေးမှာ နမူနာယူစရာတစ်ခုအဖြစ် ညွှန်းဆိုခဲ့ခြင်းဖြစ်ဟန်တူပါတယ်။

နိုင်ငံတကာဆက်ဆံရေးမှာ သမာသမတ်ကျမှုဟာ အခြေခံအချက်တစ်ခုအနေနဲ့ ပါဝင်တဲ့အလျောက် ဒီလိုဆက်ဆံရေးမျိုးကို ထိန်းထားနိုင်ခြင်းကိုက ကျန်နိုင်ငံတွေအားလုံးအတွက် အားကျစရာ အတုယူစရာ ဖြစ်လာနေပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတွေမှာ ဖိတ်ခေါ်ခြင်းခံရဖို့၊ ပါဝင်လက်တွဲလာမှုမှာ ကြိုဆိုခြင်းခံရဖို့၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အခြေအနေကောင်းတွေ ဖန်တီးပေးသလို ဖြစ်လာနေတဲ့အပြင် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း အလားအလာကောင်းများစွာနဲ့အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရေရှည်ရင်းနှီးမြှုပ်နှံမှုနဲ့ ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း မြင်တွေ့နေရပြီလို့ ခံစားရပါတယ်။

ယနေ့မျက်မှောက်ကမ္ဘာကြီးမှာ အရေးကြီးဆုံးလိုအပ်နေတဲ့အရာက ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးပဲဆိုတာ ငြင်းလို့မရတဲ့အချက်ဖြစ်ပြီး ဒေါက်တိုင်တွေအလားတစ်ခုနဲ့တစ်ခု အညမည အားပြုနေကြပါတယ်။ နိုင်ငံတကာ ဆက်ဆံရေး ခိုင်မာအားကောင်းမှုမရှိဘဲနဲ့တော့ ကမ္ဘာ့ပြည်သူလူထုအတွက် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်စုံမှာ ဘယ်လိုတိုးတက်မှုမျိုးကိုမှ မျှော်လင့်လို့မရပါဘူး။ ဒီအချက်က အရေးကြီးပါတယ်။ နိုင်ငံအဆင့်မှာသာမက နိုင်ငံသားတစ်ဦးချင်းအတွက်ပါ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးမှာ အချို့ကဏ္ဍတွေဟာ မလုပ်မဖြစ်လုပ်ရမယ့် အရာတွေဖြစ်နေလို့ပါပဲ။ ဥပမာ- နျူကလီးယားစွမ်းအင်ကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်ခြင်းမျိုးဖြစ်ပါတယ်။

အမှန်တော့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့ဟာ ကာလရှည်မိတ်ဖက်ဖြစ်မှုနဲ့အတူ နှစ်နိုင်ငံပြည်သူတွေအတွက်သာမက ကမ္ဘာ့ပြည်သူတွေအတွက်ပါ တည်ငြိမ်ဖွံ့ဖြိုးရေး ရှေးရှုပြီး ရှေ့ဆက်ခရီးဆက်ကြရဦးမှာဖြစ်ပါတယ်။ အပြန်အလှန် ယုံကြည်အားထားရတဲ့ မဟာမိတ်နိုင်ငံတွေဖြစ်တဲ့အလျောက် နှစ်နိုင်ငံဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးဟာ အရှိန်အဟုန်ကောင်းကောင်းနဲ့ ခိုင်မာအားကောင်းနေမှာဖြစ်သလို တစ်ဦးပေါ်တစ်ဦး ကျေးဇူးပြုနေကြဦးမှာလည်း ဖြစ်ပါတယ်။

မိတ်ဆွေပီသသူတွေရဲ့ တန်ဖိုးဟာ မြင့်မားလာနေတာနဲ့အမျှ မိတ်ဆွေအစစ်အမှန် ရှားပါးလွန်းနေတဲ့ ယနေ့ကမ္ဘာကြီး ဆက်လက်ရှင်သန်ရပ်တည်ဖို့လည်း အာမခံချက်ပေးနိုင်ပါတယ်။ ကမ္ဘာ့လက်ရှိအနေအထားအရတော့ လိုအပ်နေတာက တစ်ဦးနဲ့တစ်ဦး ယုံကြည်အားထားရလောက်တဲ့ ကာလရှည်မိတ်ဖက်နိုင်ငံတွေ တိုးပွားလာဖို့သာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

နှစ်နိုင်ငံပြည်သူတွေနဲ့ ကမ္ဘာကြီးအတွက် **"ရုရှား-မြန်မာချစ်ကြည်ရေး အစွန့်ရှည်ခိုင်မြဲပါစေ"** ဟူ၍သာ။ ။



## ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စေတီပုထိုးများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဘားအံ ဇန်နဝါရီ ၂၅

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ မွန်းလွဲ ၁ နာရီတွင် ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စေတီပုထိုးများတွင် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်တန်းသာသနာပြု(ဇဟို)ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မပါလအား သွားရောက်ဖူးမြော်ကြည်ညို၍ ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီမှစ၍ ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးတွင် ဓဇဂ္ဂသုတ်နှင့် အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း ပရိတ်တရားတော်များအား တစ်ချိန်တည်း တစ်ပြိုင်တည်း ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်နိုင်ရေး လှူဒါန်းထား တင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်တန်းသာသနာပြုကျောင်း သစ္စာမဏ္ဍိုင်ဆုတောင်းပြည့်စေတီတော်၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဓမ္မဝါသီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တရအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကာ ကမ္ဘာ့ကပ်ကျော်အောင်တော်မူစေတီတော်မြတ်ကြီးနှင့် ကျောင်းပရိဝုဏ်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများ၏ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့အတူ ကရင်ပြည်နယ်အတွင်းရှိ ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ လှိုင်းဘွဲ၊ ဖာပွန်မြို့နယ်များတွင်လည်း ဘုန်းတော်ကြီးကျောင်းများနှင့် စေတီပုထိုးများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပဲခူးမြို့ ရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးအား ဆေးသင်္ကန်းကပ်လှူ၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပဲခူး ဇန်နဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ဗိုလ်ကုန်း(၁၈)ရပ်ကွက်အတွင်း ဥဏ်တော် ပေ ၁၈၀ ရှိ ရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခဲ့ပြီး စေတီတော်အား ဆေးသင်္ကန်းကပ်လှူနေမှုနှင့် စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများက စုပေါင်း၍ စေတီတော်အား သန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီတော်ဓမ္မာရုံ၌ ရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီး၏ မဟာနာယကဆရာတော်ကြီးဖြစ်သည့် အသောက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကန်တော့ခဲ့ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းဆက်ကပ်နိုင်ရေး၊ စေတီတော်၏ အထက်ပစ္စယံ၌ ကြွေပြားခင်းရန်၊ ဂေါပကအဖွဲ့ ဖွဲ့စည်းပေးရန်၊ စေတီတော်၏ ဝတ္တကမြေ သတ်မှတ်နိုင်ရေးနှင့် ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ ဘုရားဈေးအတွင်း ပျံကျဈေးရုံ အမှတ်(၁)နှင့် အမှတ်(၂) တည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကုန်စိမ်းဈေးတန်းနှင့် သားငါးဈေးတန်းအား သီးခြားခွဲ၍ စနစ်တကျ နေရာချထားပေးရန်၊ ဈေးရုံအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ နာရီစင်ပန်းခြံအား တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပြန်လည်အဆင့်မြှင့်တင်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လှပပြီးခေတ်မီသည့် Landscaping Design များဖြင့် ဖော်ဆောင်ရန်၊ ဟာသ်ာရုပ်တုအား သတ်မှတ်ချက်အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ နာရီစဉ်အား ပြန်လည်ပြုပြင်မွမ်းမံရန်၊ ပန်းခြံအတွင်း အလှပန်းပင်များအား စနစ်တကျ သယ်ယူပြောင်းရွှေ့ရန်နှင့် မီးအလှဆင်ခြင်းများလည်း ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## ထားဝယ်မြို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်



ထားဝယ် ဇန်နဝါရီ ၂၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တွင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန်ဘုရားကြီးဝင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ဘုရားကြီးဝင်းအတွင်း/အပြင် သန့်ရှင်းသန့်ရပ်လှပစေရေးအတွက် အမှိုက်သရိုက်များနှင့် အမှိုက်များအား တံမြက်စည်းလှည်းခြင်းများကို ဆောင်ရွက်ပေးခဲ့ပြီး ထွက်ရှိလာသော အမှိုက်သရိုက်များကို စနစ်တကျ သယ်ယူစွန့်ပစ်ပေးခဲ့ကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ထားဝယ်မြို့ သစ်စေးပင်ဘုန်းတော်ကြီးကျောင်းဝင်းရှိ တည်ထားကိုးကွယ်တော်မူသော စေတီတော်မြတ်ကြီးနှင့် ဘုရားသိမ်အား ထုံးသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဘုရားပန်း၊ ရေချမ်း လဲလှယ်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်နေမှုကို ထားဝယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်ထက်နောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

# ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်များမှ စည်ပင်သာယာရေးဝန်ထမ်းများက ဘုရားဖူးပြည်သူများ စိတ်ချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေး စေတီတော်မြတ်ကြီး၏ရင်ပြင်တော် အင်္ဂါထောင့်မှစတင်၍ စေတီတော်ရင်ပြင်ပရဝဏ်အတွင်း လက်ယာရစ် လှည့်လည်ကုသိုလ်ယူ အမှိုက်လှည်းခြင်း၊ ဆီမီးခုံများ၊ တန်ဆောင်းများနှင့် ဘုရားစေတီများအတွင်း ကုသိုလ်ယူသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ကုန်းတော်ပေါ်ရှိ ဗုဒ္ဓအမွေအနှစ်များကို ရေရှည်တည်တံ့ခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်ရန် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မွန်ပြည်နယ် ကျိုက်သလွံစေတီတော်မြတ်ကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မော်လမြိုင် ဇန်နဝါရီ ၂၅

မွန်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများကို ဘုရားဖူးပြည်သူများ ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်နိုင်ရေးအတွက် ရောင်တော်ဖွင့်ခြင်း၊ ထုံးသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ပန်း၊ ဆီမီးကပ်လှူခြင်း၊ ရင်ပြင်တော်နှင့် စောင်းတန်းတို့တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ ကျက်သရေဆောင် ကျိုက်သလွံစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်ပူဇော်ခဲ့ကြပြီး စေတီတော်မြတ်ကြီးတန်ဆောင်းတော်အတွင်းရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်ကို ရောင်တော်ဖွင့်ခြင်း၊ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် တန်ဆောင်းတော်များရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ရောင်တော်ဖွင့်ခြင်း၊ စေတီမြတ်ကြီးရင်ပြင်တော်ပေါ်တွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းတို့ကို ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အများပြည်သူများက ကုသိုလ်ယူဆောင်ရွက်နေကြမှုအပေါ် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကယားပြည်နယ်အတွင်းရှိ ဘုရားစေတီပုထိုးများအား ထုံးသင်္ကန်းများ ကပ်လှူပူဇော်

လွိုင်ကော် ဇန်နဝါရီ ၂၅

ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်အတွင်းရှိ ဘုရားစေတီပုထိုးများအား ထုံးသင်္ကန်းများ ကပ်လှူပူဇော်ခြင်းနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများပြုလုပ်ခြင်းကို ယနေ့



နံနက်ပိုင်းက ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဆောင်ရွက်ခဲ့ကြသည်။

ထို့သို့ဆောင်ရွက်ရာတွင် လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်ကွဲ စေတီတော်ရှိ စေတီပုထိုးများနှင့်သာသနာ ၂၅၀၀ အထိမ်းအမှတ် စေတီတော်၌ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ သက်ဆိုင်ရာဂေါပကအဖွဲ့များနှင့် မြို့မိမြို့ဖများက စေတီတော်များအား ထုံးသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် စေတီပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြုဆောင်ရွက်ကြသည်။

အလားတူပင် ပြည်နယ်အတွင်းရှိ ဘောလခဲမြို့၊ ဖားဆောင်းမြို့နှင့် မယ်စဲ့မြို့နယ်များရှိ ဘုရားစေတီပုထိုးများအား ထုံးသင်္ကန်းများ ကပ်လှူပူဇော်ခြင်းနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံပရိဝုဏ်အတွင်းတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များက ပူးပေါင်း၍ ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကိုဇင်(လွိုင်ကော်)



# ရှမ်းပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်များရှိ စေတီပုထိုးများ၌ ထုံးသင်္ကန်းဆက်ကပ်ခြင်းနှင့် သန့်ရှင်းရေးများ ဆောင်ရွက်

တောင်ကြီး ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက စေတီပုထိုးများ၊ ထုံးသင်္ကန်းဆက်ကပ်ခြင်းနှင့် သန့်ရှင်းရေးများ ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ ရှမ်းပြည်နယ်အတွင်းရှိ စေတီပုထိုးများတွင် ထုံးသင်္ကန်းနှင့် သန့်ရှင်းရေး ဆောင်ရွက်မှုများကို ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ ပါဝင်သန့်ရှင်းဆောင်ရွက်ကြကြောင်း သိရသည်။

မောင်မောင်သန်း (တောင်ကြီး)

**သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ငြိမ်းချမ်းရေးအသီးအပွင့်များ ခံစားနိုင်မည့် အစပျိုးသော နှစ်တစ်နှစ်ဖြစ်ပါစေ

**ဒေါက်တာမြတ်မိုး**

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင်ပါရှိသည့် “တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်” ဟု ဖော်ပြထားသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဘက်က စဉ်ဆက်မပြတ် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်သည်။ နိုင်ငံတော်၏ လက်ရှိပကတိလိုအပ်ချက်အရလည်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးသာဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ ထာဝရချုပ်ငြိမ်းရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်မှာ အထင်အရှားဖြစ်ပါသည်။

### စစ်ပွဲများသည်အဖြေမဟုတ်၊ ငြိမ်းချမ်းရေး လိုချင်လွန်း၍သာ

ငြိမ်းချမ်းရေးက အရေးကြီး၍ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်ကို စိန်ရတုငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး အကျပ်အတည်း အခက်အခဲများကြားမှ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်ချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် ဦးစားပေးကိစ္စရပ်များစွာအနက် တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။ ငြိမ်းချမ်းရေးကို လိုချင်လွန်း၍ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များကို ကမ်းလှမ်းခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခဲ့သည်။

တစိုက်မတ်မတ် ရပ်တည်ရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် NCA လမ်းကြောင်းပေါ်တွင် အခြေခံ၍ အဖွဲ့အားလုံး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေကြဆဲဖြစ်သည်။ နိုင်ငံတော်အစိုးရဘက်ကတော့ တွေ့ဆုံဆွေးနွေးရေးအဖြေ ရှိကိုရှိသည်၊ ငြိမ်းချမ်းရေးကို အရယူနိုင်ရမည်ဟု စိတ်ပိုင်းဖြတ်ပြီးဖြစ်ပုံရသည်။ အကောင်းမြင်သည် အပြုသဘောဆောင်ပါသည်။

ထို့ကြောင့်လည်း ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစပြီး ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသက်တမ်းကို တိုးမြှင့်ပေးလိုက်ခြင်းဖြစ်သည်။ စစ်ပွဲ၊ တိုက်ပွဲများသည် အဖြေမဟုတ်၊ တွေ့ဆုံညှိနှိုင်းမှုလမ်းကြောင်းဖြင့် ငြိမ်းချမ်းရေးစားပွဲပေါ်မှာ အစဉ်တစိုက်အဖြေရှာနိုင်ရေး တံခါးအားလုံးဖွင့်ထားဆဲဖြစ်သည်။ ဖြစ်ချင်သည့် မိမိဒေသ၊ မိမိအဖွဲ့အစည်း အကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုကြီး အကျိုးစီးပွားဘက်ကသာ ရပ်တည်ပြီး စိတ်စေတနာကောင်းဖြင့် သဘောထားကြီးမှုကို ပြသကြရမည့် အချိန်အခါကောင်းတစ်ခုဖြစ်ပါသည်။

### ငဲ့ကွက်ရမည့်ဘဝများနှင့် မေတ္တာရပ်ခံချက်

ငြိမ်းချမ်းရေး မျှော်လင့်ချက်ကြီးစွာဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားပေးခဲ့သည်မှာ ယခုနှစ်နှင့်ဆိုလျှင် ငါးနှစ်တိုင်ခဲ့ပါပြီ။ မြန်မာပြည်ဖွား ပြည်သူတစ်ဦးအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံး မိမိတို့နေထိုင်ရာဒေသများရှိ သွေးချင်းညီအစ်ကို မောင်နှမ တိုင်းရင်းသားများ၏ဘဝနှင့် အကျိုးစီးပွားကို ငဲ့ကွက်ပြီး ထည့်သွင်းစဉ်းစားဖို့ အချိန်တန်ပြီဟု တောင်းဆိုချင်ပါသည်။



(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား၌ အလေးပြုခြင်းခံယူမည့် ပြည်ထောင်စုအလံတော်အား ရန်ကုန်မြို့မှ နေပြည်တော်သို့ သယ်ဆောင်လာစဉ်။

ဆင်းရဲမှုအပေါင်း ဒုက္ခများစွာကြားမှ စစ်ဘေးသင့်နေကြသည့် ကိုယ့်လူမျိုး၏အကျိုးကို သတ္တိရှိရှိ ဖော်ဆောင်ပေးကြစေလိုပါသည်။ သေနတ်သံများကြားတွင် အစာရေစာ ငတ်မွတ်နေသည့် သနားစရာဘဝများစွာ ရှိနေသည်။ ပညာငတ်နေသည့် ပညာမဲ့ကလေးသူငယ်များစွာ ရှိနေသည်။ မငြိမ်းချမ်းမှုနွံအတွင်းတွင် အနာဂတ်မျိုးဆက်သစ် လူငယ်လေးများအတွက် မျှော်လင့်ချက်ရောင်ခြည်နှင့် ငြိမ်းချမ်းရေးအမွေကို ပေးစွမ်းဖို့ အချိန်တန်ပြီဟု ယူဆပါသည်။

ငြိမ်းချမ်းရေးအတွက် ငါးနှစ်ဆိုသောအချိန်သည် အချိုးအကွေ့များလှသော်လည်း စိတ်စေတနာကောင်း၊ ဆင်ခြင်တုံတရား၊ ပညာဉာဏ် အမြော်အမြင်နှင့်စတင်သော ခရီးလမ်းမှန်သမျှ ဖြောင့်ဖြူးသည်သာ ဖြစ်သည်။ ကိုင်ထားသောလက်နက်များ ဘေးချပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းမှ ရရှိလာသော ရလဒ်မှန်သမျှကို တိုင်းရင်းသားပြည်သူအပေါင်းက မျှော်လင့်တကြီးရှိနေကြသည်။ ဖြစ်နိုင်လျှင် လက်နက်ကို အပြီးအပိုင်စွန့်စေချင်ကြသည်။ လူသတ်လက်နက်နှင့် သွေးညီနံ့ ဖုံးလွှမ်းနေသောယမ်းခိုးများကို တိုင်းရင်းသားများ ရွံ့မုန်းနေကြပါပြီ၊ မငြိမ်းချမ်းမှုကို ငြီးငွေ့နေကြပြီဖြစ်ပါသည်။

### ဒီနေ့တိုက်ပွဲရပ် ဒီနေ့အကျိုးရှိသည်သာ

ပြီးခဲ့သည့်နှစ်က စိန်ရတုငြိမ်းချမ်းရေးနှစ်၊ ယခုနှစ်ကား စိန်ရတုလွတ်လပ်ရေးနှစ်၊ နှစ်ပေါင်း ၁၀၀ ကျော် တိုင်းရင်းသားပြည်သူအပေါင်းတို့ အသက်ပေါင်းများစွာ၊ သွေးစက်၊ ချွေးစက်ပေါင်းများစွာ စတေးပြီးမှ လွတ်လပ်ရေးကို ရရှိခဲ့သည်။ လွတ်လပ်ရေးနှင့်အတူ ပါလာသည့် နယ်ချဲ့ဆိုးမွေ ပြည်တွင်း ရောင်စုံလက်နက်ကိုင်ပဋိပက္ခတို့ကား မပြီးစီးနိုင်သေးပါ။ သို့သော် နိုင်ငံတော်၊ ပြည်သူနှင့် လက်နက်ကိုင်အဖွဲ့အစည်းများကြားတွင် အလားအလာကောင်းသော သဘောတူညီချက်များ ရရှိပြီးဖြစ်သည်ဟု ကြားသိရ၍ တိုင်းရင်းသားပြည်သူများအနေဖြင့်မူ ဝမ်းမြောက်ဝမ်းသာ ရှိကြမည်သာဖြစ်ပါသည်။ လက်နက်ကိုင်တိုက်ပွဲများကား ဒီနေ့ရပ်စဲ၊ ဒီနေ့အကျိုးရှိသည်ဖြစ်၍ ငြိမ်းချမ်းရေးအရသာ အပြည့်အဝခံစားရဖို့ဆိုလျှင် လက်နက်ကိုင်အဖွဲ့အားလုံး စေတနာ၊ မေတ္တာရှေ့ထား၍ အလျင်အမြန်လက်တွဲပါဝင်ဖို့သာ လိုအပ်ပါသည်။

### ကိုယ့်အကျိုးစီးပွားအရေးသည်လည်း ပြည်ထောင်စုအရေးပင်ဖြစ်

ယခုအချိန်ကား တကယ့်ရင်ထဲမှလာသော စေတနာမှန်၊ မေတ္တာအစစ်အမှန်ဖြင့် မိမိတို့ တိုင်းရင်းသားအကျိုးကို မိမိတို့က အမှန်တကယ်လိုလားကြောင်း ပြသရမည့် အချိန်အခါကောင်းလည်းဖြစ်သည်။ ကိုယ့်ဒေသ၊ ကိုယ့်အရေးသည်လည်း ပြည်ထောင်စုအရေးဟု ခံယူထားသင့်သည်။ အသေးစိတ်ကျသော စကားလုံးများ၊ ထုံမွမ်းထားသော စကားလုံးအယူဝါဒများဖြင့် ပိမနေဘဲ လက်တွေ့ကျသော ထိရောက်သည့် တွေ့ဆုံညှိနှိုင်းမှုအနုပညာဖြင့် ငြိမ်းချမ်းရေးရုပ်လုံးပေါ်လာအောင် ကြိုးစားကြရမည့်ကာလလည်းဖြစ်သည်။

သို့မှသာ နိုင်ငံတော်အစိုးရက လုပ်ဆောင်ပေးနေသည့် တိုင်းရင်းသားဒေသများရှိ ကေန်အကျိုးရှိမည့် ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများကို ဌာနေတိုင်းရင်းသားတို့ကိုယ်တိုင် အမိအရ ရယူခံစားနိုင်မည်ဖြစ်ပါသည်။ မိမိတို့ဘဝများ လုံခြုံမှုရှိပြီး သာယာစိုပြည်မှ ကိုယ်စိတ်နှလုံးငြိမ်းချမ်းမည်ဆိုသောအချက်သည် ငြိမ်းချမ်းခြင်း၏ တကယ့်အရသာလည်းဖြစ်သည်။ အေးချမ်းသာယာမှုအာမခံချက်ရှိမှလည်း တစ်ဖက်က တိုင်းရင်းသားများ လိုချင်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်အခွင့်အရေးများ ရရှိလာမည်ဟု ယုံကြည်ပါသည်။

ဆိုလိုသည်က လက်နက်ကိုင်တိုက်ပွဲများဖြင့် ငြိမ်းချမ်းမှုမရှိသည့်ဒေသများတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ ပြုလုပ်ရန် အခက်အခဲများရှိနိုင်ပါသည်။ မအေးချမ်းလျှင် တိုင်းရင်းသားညီအစ်ကိုများ လိုချင်သည့် ဒီမိုကရေစီအခွင့်အရေး၊ အကြားအလပ်မရှိ ရွေးကောက်ပွဲများပြုလုပ်ပေးချင်သည့် နိုင်ငံတော်အစိုးရ၏ စေတနာ သဲထဲရေသွန်သလို ဖြစ်သွားလိမ့်မည်။ ဖန်တီးပေးထားသော အခွင့်အလမ်း၊ ရယူဆုပ်ကိုင်ရမည့် အခွင့်အရေးများနှင့်အတူ သမိုင်းကောင်းတစ်ခုဖြစ်ပေါ်နိုင်ရန် ပို၍သတိထားပြီး သတိအပေါ်တွင် အသိယှဉ်၍ ဝီရိယစိုက် စေတနာရှေ့ထားကာ အားလုံးအတူတကွ လက်တွဲပါဝင်စေချင်ပါသည်။

စာမျက်နှာ ၁၁ သို့ ✦

> **“သမိုင်းအတွေ့အကြုံကောင်းများစွာ ရရှိခဲ့ပြီးဖြစ်သလို အတိတ်သင်ခန်းစာယူစရာများလည်း ရယူခဲ့ပြီးဖြစ်၍ အားနည်းချက်များမှ အားသာချက်များကို ဖော်ထုတ်နိုင်စွမ်းဖြင့် အဖြေရှာနိုင်သည်။ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားချက်များနှင့် NCA ဆိုသောအခွင့်အလမ်းတို့ကို အမိအရဆုပ်ကိုင်နိုင်ရန်လိုအပ်ပါမည်။ ကိုလိုနီလက်သစ် ပြည်ပစွက်ဖက်မှုများနှင့်တကွ အတ္တအကျိုးစီးပွားအချို့ကတော့ စိန်ခေါ်မှုများအဖြစ် ရှိနေဆဲဖြစ်သည်။ ပြည်ထောင်စုအရေး ခွဲခြမ်းစိတ်ဖြာ၍ စိတ်ကူးစိတ်သန်းအသစ်များဖြင့် ပြည်ထောင်စုအကျိုးစီးပွားဘက်က ရပ်တည်နေသမျှ အရာအားလုံးကျော်လွှားနိုင်မည်သာဖြစ်”**



# ထုံးသင်္ကန်းကပ်လှူခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**ရှင်ဲ ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ကျောက်မြောင်းကျေးရွာအုပ်စု ကဇက်ကျေးရွာ မဟာရွှေဘုန်းတော်ကြီးဝင်း အတွင်းရှိစေတီတော်များအား ထုံးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ယနေ့နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ ဦးစီးဆောင်ရွက်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကဇက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက စေတီတော်တိုက်အတွင်း သန့်ရှင်းရေးလုပ်ငန်းများနှင့် ဘုရားပန်း၊ သောက်တော်ရေကပ်လှူခြင်းများ၊ အရံစေတီတော်တစ်ဆူအား ထုံးသင်္ကန်းကပ်လှူခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် စေတနာရှင်အလှူရှင်များ ထည့်ဝင်လှူဒါန်းခဲ့ကြသည့် နဝကမ္မ အလှူငွေကျပ်နှစ်သိန်းသုံးသောင်းအား မဟာရွှေဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးဣန္ဒကထံ ကပ်လှူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နမ့်ဆန်မြို့နယ် ဇယန်းကြီးကျေးရွာရှိ ပတ္တမြားစေတီတွင် တည်ထားကိုးကွယ်သော ဘုရားငါးဆူ၌ စုပေါင်းသန့်ရှင်းရေးနှင့် လုပ်အားဒါနပြုလုပ်

**နမ့်ဆန် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဇယန်းကြီးကျေးရွာ ပတ္တမြားစေတီကုန်းတော်ပတ်လည်တွင် စုပေါင်းသန့်ရှင်းရေးနှင့် ယင်းစေတီတွင် တည်ထားကိုးကွယ်သော ဘုရားငါးဆူဂန္ဓကုဋိတိုက်ပြန်လည်မွမ်းမံတည်ဆောက်ခြင်းအတွက် နမ့်ဆန်မြို့နယ် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းပေါင်းစုံနှင့် ပြည်သူလူထုတို့က လုပ်အားဒါနပြုလုပ်ကြရာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လာရောက်ကြည့်ရှု၍ ပတ္တမြားစေတီအား မဏိစည်သူမင်းလက်ထက်ကတည်းက စတည်ပြီး ဘုရားငါးဆူကို တည်ထားခဲ့သည်မှာ ၆၈ နှစ် ရှိပြီဖြစ်ကြောင်း၊ စေတီဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ကြရာတွင် လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ဌာနဆိုင်ရာများနှင့် ပြည်သူလူထုများအား အားပေးစကားပြောကြားသည်။

**လုပ်အားဒါနပြုလုပ်**

ထိုသို့ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် လုပ်အားဒါနပြုလုပ်ရာတွင် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ ဌာနပေါင်းစုံဝန်ထမ်း ၁၈၀ ခန့်နှင့် ရှေ့တန်းအမှတ်(၁၀၁)တပ်မှ အရာရှိစစ်သည် ၂၀ စုစုပေါင်း ၂၀၀ ခန့်တို့က လုပ်အားဒါနပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**နမ့်ဆန်(ပြန်/ဆက်)**





# မြိတ်မြို့ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မြိတ် ဇန်နဝါရီ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ်စုပေါင်းသန့်ရှင်းရေးများကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြို့ကျက်သရေဆောင် လေးကျွန်းဆီမီး စေတီတော်၌ ပြုလုပ်သည်။

**သိမ်းဆည်းပေးခဲ့**

စုပေါင်းသန်းရှင်းရေးပြုလုပ်ရာတွင် စေတီတော်ပရိဝုဏ်အတွင်း၊ အပြင်ရှိ ချုံနွယ်များကို ရှင်းလင်းခဲ့ကြပြီး စေတီတော်ရင်ပြင်၌ အမှိုက်များ ရှင်းလင်းဆောင်ရွက်ခဲ့ကြကာ စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းပေးခဲ့သည်။

အဆိုပါသန့်ရှင်းရေးကို မြိတ်ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုစုပေါင်း ၂၀၀ ကျော်ဖြင့် စုပေါင်းကုသိုလ်ပြု ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✦ စာမျက်နှာ ၁၀ မှ

## လောကပါလတရားနှင့် ငြိမ်းချမ်းရေး

အထူးသဖြင့် ယခုလိုကာလမျိုးသည် မေတ္တာတရားအခြေခံ၍ ငြိမ်းချမ်းမှုကို အထူးအာရုံစိုက်ရမည့်ကာလတစ်ခုဖြစ်ပါသည်။ ကရုဏာတရားအလေးထား၍ စာနာမှုကိုပြရမည့် အချိန်လည်းဖြစ်သည်။ မုဒိတာတရား ရင်ဝယ်ထား၍ အေးချမ်းမှုကို ရှာရမည့် ကာလလည်းဖြစ်သည်။ မေတ္တာတရားငတ်နေသူများ အများအပြားရှိနေသည်။ ကရုဏာလိုချင်သူများ တွေ့နေရသည်။ အချို့ဒေသများတွင် ငြိမ်းချမ်းမှုအကျိုးကြောင့် မိမိတို့ဒေသထက် ပို၍တိုးတက်ဖွံ့ဖြိုးနေသည်ကို မြင်ရလျှင် မုဒိတာပွား၍ ကိုယ့်ဒေသကိုလည်း ငြိမ်းချမ်းအောင်၊ ပို၍ ချမ်းသာသုခဖြစ်အောင် ကြိုးစားနိုင်စွမ်းရှိရမည်ဖြစ်သည်။

ဒီလို လောကပါလအခြေခံတရားမျိုးများသည် ငြိမ်းချမ်းရေး၏ အခြေခံဖြစ်၍ အဖွဲ့အစည်းတစ်ခုတည်းကချည်း ရှေးရှုဦးဆောင်နေ၍လည်းမရ၊ အဖွဲ့အားလုံးပါမှရပေမည်၊ တိုင်းရင်းသားပြည်သူအားလုံးပါရပါမည်။ ပြည့်အင်အားသည် မိမိပြည်တွင်းမှာသာရှိသည်။ ကိုယ့်အမျိုးသားများ ညီညွတ်ဖို့၊ စည်းလုံးဖို့ ကိုယ့်ပြည်တွင်းအားကိုသာ အားကိုးအားထားပြုရမည်ဖြစ်သည်။ ပြင်ပ မည်သည့်အဖွဲ့အစည်းမျိုးကမျှ မိမိပြည်တွင်းအရေး ဝင်ရောက်ဖြေရှင်းရန် လုံးဝမလိုအပ်သည်ကို နားလည်သိရှိထားကြရန် လိုပါသည်။ မိမိပြည်တွင်းအင်အားသည်သာ မိမိတို့၏ အင်အားအစစ်အမှန်ဟု ခံယူထားသင့်ပါသည်။

## ငြိမ်းချမ်းခြင်း၏ ဆန့်ကျင်ဘက်များ ဖယ်ရှား ပြည်ထောင်စုစိတ်ဓာတ်ထွန်းကား

အထက်ပါတင်ပြခဲ့သလို လောကပါလတရားများသာ သက်ဆိုင်သူအားလုံးတွင် ကိန်းအောင်းသွားလျှင် ငြိမ်းချမ်းရေး၏ဆန့်ကျင်ဘက် လောဘ၊ ဒေါသ၊ မောဟများ နည်းပါးသွားမည်သာဖြစ်သည်။ အမုန်းများကင်းဝေးပြီး အာဃာတအငြိုးအတေးများကိုလည်း ဖယ်ရှားသွားနိုင်မည်ဟု ယုံကြည်သည်။ တစ်ဖွဲ့အပေါ်တစ်ဖွဲ့ အထင်သေးခြင်း၊ မထေမဲ့မြင်ပြုခြင်း၊ ပုတ်ခတ်စော်ကားခြင်း၊ ချုပ်ချယ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ရန်လိုခြင်း၊ တိုက်ခိုက်သတ်ဖြတ်ခြင်းများမှလည်း ကင်းဝေးမည်မှာ အမှန်ဖြစ်သည်။ သံသယများခြင်း၊ မလိုအပ်သောအတ္တမာန်မာနများ၊ စိုးရိမ်သောကများသည် ငြိမ်းချမ်းရေး၏ ဆူးငြောင့်ခလုတ်များသာဖြစ်သည်ကို သတိထားရမည်ဖြစ်သည်။ ယင်းအချက်များက အေးအတူပူအမျှ ယှဉ်တွဲနေထိုင်ခြင်း၊ အပြန်အလှန် အသိအမှတ်ပြုလေးစားခြင်း၊ တန်းတူရည်တူရှိခြင်း စသည့်ပြည်ထောင်စုစိတ်ဓာတ်များကို လျော့ပါးသွားစေနိုင်ပြီး စည်းလုံးညီညွတ်မှုကို အကြီးအကျယ် ထိခိုက်စေနိုင်သလို ငြိမ်းချမ်းခြင်း၏ အရသာကို ခံစားရဖို့လည်း ဝေးကွာသွားနိုင်ပါသည်။ နောက်ဆုံး အကာအကွယ်မဲ့ မြေစာပင် တိုင်းရင်းသားပြည်သူအပေါ်သာ နှလုံးစိတ်ဝမ်းမအေးချမ်း ဆင်းရဲဒုက္ခများကြရသည်။ ထို့ကြောင့်လည်း မငြိမ်းချမ်းမှုဒဏ်ကို လက်တွေ့ခါးစည်းခံနေရသူအပေါင်းက ငြိမ်းချမ်းရေးအိပ်မက်ကို နှစ်ပေါင်းများစွာ မက်ခဲ့ကြခြင်းဖြစ်သည်။

ယခုလို သမိုင်းအချိုးအကွေ့တစ်ခု ကြုံတွေ့ခိုက်မှာလည်း စိန်ခေါ်မှုများစွာ ရှိနေသည့်ကြားမှပင် သူတို့၏မျှော်လင့်ချက်ကို မလျှော့ဘဲ ဆက်လက် မျှော်လင့်နေကြဆဲဖြစ်သည်ကို တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုကို အလေးအနက်ထားသော၊ တိုင်းရင်းသားများအား ကိုယ်စားပြုသည်ဆိုသော တိုင်းရင်းသားခေါင်းဆောင်များ သိစေချင်သည်။

ဘာပဲပြောပြော ငြိမ်းချမ်းရေးခရီးမှာ စိတ်ရှည်လက်ရှည် သည်းခံစိတ်အပြည့်ဖြင့် လက်တွဲပါဝင်ကြိုးပမ်းအားထုတ်ခဲ့ကြသူတိုင်းကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျေးဇူးတင်ရှိနေကြပါသည်။ ပြည်ထောင်စုသစ္စာတည်၍ ပြည်ထောင်စုရင်ခွင်အောက်တွင် မခွဲမခွာပါဝင်ခဲ့သူတိုင်း၏ သမိုင်းမှတ်တမ်းကောင်းများကား အမှတ်တရ ထာဝရတည်ရှိနေမည်ဖြစ်သည်။

သမိုင်းအတွေ့အကြုံကောင်းများစွာ ရရှိခဲ့ပြီးဖြစ်သလို အတိတ်သင်ခန်းစာယူစရာများလည်း ရယူခဲ့ပြီးဖြစ်၍ အားနည်းချက်များမှ အားသာချက်များကို ဖော်ထုတ်နိုင်စွမ်းဖြင့် အဖြေရှာနိုင်သည်။ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားချက်များနှင့် NCA ဆိုသော အခွင့်အလမ်းတို့ကို အမိအရဆုပ်ကိုင်နိုင်ရန် လိုအပ်ပါမည်။ ကိုလိုနီလက်သစ် ပြည်ပစွက်ဖက်မှုများနှင့်တကွ အတ္တအကျိုးစီးပွားအချို့ကတော့ စိန်ခေါ်မှုများအဖြစ်ရှိနေဆဲဖြစ်သည်။ ပြည်ထောင်စုအရေး ခွဲခြမ်းစိတ်ဖြာ၍ စိတ်ကူးစိတ်သန်း အသစ်များဖြင့် ပြည်ထောင်စုအကျိုးစီးပွားဘက်က ရပ်တည်နေသမျှ အရာအားလုံး ကျော်လွှားနိုင်မည်သာဖြစ်သည်။ သို့မှသာ ငြိမ်းချမ်းရေးပန်းတိုင်အရောက်လှမ်းပြီး မျှော်လင့်တမ်းတ ပြည်သူ့ဆန္ဒကို အလေးအနက်ထား ဖြည့်ဆည်းရာရောက်မည် ဖြစ်ပါကြောင်း (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

■

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ ဘုရားစေတီများသို့ ဘုရားဖူးလာရောက်ကြမည့် ရဟန်းသံဃာတော်များ၊ အများပြည်သူများ စိတ်အေးချမ်းသာစွာ တရားဘာဝနာပွားများ၍ ဖူးမြော်ကြည်ညိုနိုင်စေရန်နှင့် ဘုရားစေတီပုထိုးတော်များ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန်အတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးလုပ်ငန်းများ ကုသိုလ်ပြုစုပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဘုရားစေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၌ လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ် မြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိမြို့နယ်သုံးမြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ လည်းကောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်မြတ်ကြီး၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၂ မြို့နယ်၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်ခြောက်မြို့နယ်၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နန်းတော်ဦးလောကမာရဇိန်စေတီမြတ်ကြီး၌ လည်းကောင်း ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ဘုရား၊ စေတီများနှင့် ရုပ်ပွားတော်များအား ရောင်တော်ဖွင့်ပေးခြင်း၊ ထုံးသင်္ကန်းများ ဆက်ကပ်ခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြုဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ခနောက်စံပြကျေးရွာ ဆံတော်ရှင်ကျိုက်ခနောက် စေတော်မြတ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာများက ရောင်တော်ဖွင့်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ပုဗ္ဗသီရိမြို့နယ် ကိုးတောင်ပြည့်ပြည်တော်ဝင် စေတီတော်အား သန့်ရှင်းရေးနှင့် ထုံးသင်္ကန်းကပ်လှူစဉ်။



ကချင်ပြည်နယ် မိုးမိတ်မြို့ရှိ နှစ်ကျိပ်ရှစ်ဆူ အောင်ဆုပန်အေးစေတီတော်မြတ်ကြီးတွင် သန့်ရှင်းရေးဆောင်ရွက်နေစဉ်။



မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကဘဲ့ရပ်ကွက် ကမ္ဘာအေးဆုတောင်းပြည့်ဘုရား၌ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။

# ဂျပန်နိုင်ငံအနောက်တောင်ပိုင်း နာဂါဆာကီစီရင်စုရှိ ပင်လယ်ပြင်၌ ကုန်တင်သင်္ဘောတိမ်းမှောက်



**ကီတာကျူရှူး ဇန်နဝါရီ ၂၅**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း နာဂါဆာကီစီရင်စုရှိ ပင်လယ်ပြင်တွင် ဇန်နဝါရီ ၂၅ ရက်က သင်္ဘောသား ၂၂ ဦးလိုက်ပါလာသည့် ကုန်တင်သင်္ဘောတစ်စင်းတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လက်ရှိအချိန်အထိ သင်္ဘောသား ၁၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ကျန်သင်္ဘောသားကိုးဦးကို ကယ်တင်နိုင်ရန် ကင်းလှည့်ရေယာဉ်များနှင့် လေယာဉ်များက ရှာဖွေနေသော်လည်း ပင်လယ်အတွင်းရှိ လှိုင်းများရိုက်ခတ်မှုနှင့် လေတိုက်ခတ်မှုပြင်းထန်ခြင်းကြောင့် အဟန့်အတားများဖြစ်လာခဲ့ကြောင်း သိရသည်။ အဆိုပါ ကုန်တင်သင်္ဘော Jintian ထံမှ အရေးပေါ်ကယ်ဆယ်ရန်အကူအညီတောင်းခံမှုကို ဇန်နဝါရီ ၂၄ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် လက်ခံရရှိခဲ့ကြောင်းနှင့် အခင်းဖြစ်အချိန်တွင် ကုန်တင်သင်္ဘောသည် အရှေ့တရုတ်ပင်လယ်ရှိ ဒန်ဂျိုကျွန်း၏အနောက်ဘက် ကီလိုမီတာ ၁၁၀ အကွာအဝေးတွင် ရောက်ရှိနေကြောင်း သိရသည်။ ကုန်တင်သင်္ဘောတွင် သင်္ဘောသား တရုတ်နိုင်ငံသား ၁၄ ဦးနှင့် မြန်မာနိုင်ငံသား ရှစ်ဦးတို့ တာဝန်ထမ်းဆောင်နေပြီး သစ်နှင့်အခြားကုန်ပစ္စည်းများကို တင်ဆောင်ကာ တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့သို့ ဦးတည်ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရသည်။ ယခုဆောင်ရွက်သည့် အရေးပေါ်ကယ်ဆယ်မှုများကို ဂျပန်ကိုယ်ပိုင်လေကြောင်း ကာကွယ်ရေးတပ်ဖွဲ့၊ ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့နှင့် တောင်ကိုရီးယားကမ်းခြေစောင့်တပ်ဖွဲ့များပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုးကား-ကျိုဒိုနယူးစ်၊ ဘာသာပြန်-စိုးသူရ**



# ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်နှစ်သစ်ကူးပွဲတော်ကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားလာမှု စံချိန်တင်မြင့်တက်

**ဖနောင်ပင် ဇန်နဝါရီ ၂၅**

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နှစ်သစ်ကူးပွဲတော် သို့မဟုတ် နွေဦးပွဲတော်ကျင်းပစဉ်အတွင်း ပြည်တွင်းပြည်ပခရီးသွားလာမှုသည် ၁ ဒသမ ၀၄ သန်းခန့်အထိ စံချိန်တင်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး သွန်ခွန်းက ယနေ့ပြောကြားသည်။

ဇန်နဝါရီ ၂၁ ရက်မှ ဇန်နဝါရီ ၂၄ ရက်အထိ နှစ်သစ်ကူးပွဲတော်ကာလ နိုင်ငံအတွင်း၌ ပြည်တွင်းခရီးသွားအရေအတွက် တစ်သန်းနှင့် နိုင်ငံခြားသားခရီးသည် ၄၂၀၅၆ ဦး လာရောက်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ထိပ်တန်းခရီးသွားနေရာသုံးခုမှာ ပရာစီဟန်နော့ ကမ်းရိုးတန်းပြည်နယ်၊ Siem Reap ယဉ်ကျေးမှုစီရင်စုနှင့် Battambang ပြည်နယ်တို့ဖြစ်ကြောင်း သွန်ခွန်းက ပြောသည်။

ပရာစီဟန်နော့ ကမ်းရိုးတန်းပြည်နယ်သို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်အများစုသည် နံနက်ပိုင်းတွင် ခရိုင်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ညနေပိုင်းတွင် ဖနောင်ပင်-ဆီဟာနုဗီးလ် အမြန်လမ်းမကြီးတစ်လျှောက် ပြန်လည်ထွက်ခွာသွားကြကြောင်း ဝန်ကြီး သွန်ခွန်းက ဆိုသည်။ ဖနောင်ပင်-ဆီဟာနုဗီးလ် အမြန်လမ်းမကြီးကို တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ထားသည်။

အဆိုပါရက်များသည် ကမ္ဘောဒီးယားနိုင်ငံ၌ တရားဝင်ရုံးပိတ်ရက်မဟုတ်သော်လည်း တရုတ်နှစ်သစ်ကူးပွဲတော်ကို နိုင်ငံအဝန်း၌ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်ပွားသောကြောင့် လူထောင်ပေါင်းများစွာ ရွှေ့ပြောင်းခဲ့ရ

**ကွာလာလမ်ပူ ဇန်နဝါရီ ၂၅**

မလေးရှားနိုင်ငံရှိပြည်နယ်သုံးခု၌ ဇန်နဝါရီ ၂၅ ရက်ညနေပိုင်းမှစတင်၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် ဒေသခံ ၅၀၀၀ ကျော်အား ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးခဲ့ရကြောင်း မလေးရှားအစိုးရ၏ ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်းရှိ ဂျိုဟိုပြည်နယ်သည် ရေကြီးရေလျှံမှုဒဏ် အဆိုးရွားဆုံးခံခဲ့ရပြီး ဒေသခံ ၄၇၀၀ ကျော်အား ရွှေ့ပြောင်းပေးခဲ့ရကာ ဆာဗားနှင့် ပါဟန်ပြည်နယ်များရှိ ဒေသခံများကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း မလေးရှားနိုင်ငံ လူမှုဝန်ထမ်းဌာန၏ အချက်အလက်များအရ သိရသည်။ လက်ရှိအချိန်၌ ဂျိုဟိုပြည်နယ်ရှိ မြစ်လေးစင်းတွင် ရေကြီးမှုမှာ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရောက်ရှိနေကြောင်း ဆည်မြောင်းဌာနက ပြောကြားသည်။ မလေးရှားနိုင်ငံ၌ မုတ်သုံရာသီ ဝင်ရောက်မှုကြောင့် ယမန်နှစ်အတွင်းကလည်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# တရုတ်နိုင်ငံ၏ ၂၀၂၂ ခုနှစ်အတွင်း ရွှေထုတ်လုပ်မှု ၁၃ ဒသမ ၀၉ ရာခိုင်နှုန်းမြင့်တက်

**ပေကျင်း ဇန်နဝါရီ ၂၅**

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း ရွှေထုတ်လုပ်မှု ၃၇၂ ဒသမ ၀၄၈ တန် ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၄၃ ဒသမ ၀၆၅ တန် သို့မဟုတ် ၁၃ ဒသမ ၀၉ ရာခိုင်နှုန်း တိုးမြင့်ထုတ်လုပ်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံ၌ ပြီးခဲ့သည့်နှစ်အတွင်းက ရွှေသုံးစွဲမှုသည် ၁၀၀၁ ဒသမ ၇၄ တန် ရှိခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၆၃ ရာခိုင်နှုန်း သုံးစွဲမှုလျော့ကျခဲ့ကြောင်း တရုတ်နိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် ရွှေလက်ဝတ်ရတနာသုံးစွဲမှုသည်လည်း ပြီးခဲ့သည့်နှစ်အတွင်းက ၆၅၄ ဒသမ ၃၂ တန် သို့မဟုတ် ၈ ဒသမ ၀၁ ရာခိုင်နှုန်းအထိ လျော့ကျမှုရှိခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်အတွင်းက ဘူမိနိုင်ငံရေးအကျပ်အတည်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုနှင့် ငွေကြေးဖောင်းပွမှုမြင့်တက်ခြင်းတို့ကဲ့သို့သော ကိစ္စရပ်များကြောင့် ကမ္ဘာ့ရွှေဈေးကွက်တွင် ရွှေဈေးနှုန်း အမြင့်ဆုံးအခြေအနေတွင် ရှိနေခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ပါကစ္စတန်နိုင်ငံရှိ အိမ်တစ်အိမ်၌ ဓာတ်ငွေ့ယိုစိမ့်ပေါက်ကွဲမှုဖြစ်ပွား၊ ကလေးငယ်လေးဦး သေဆုံး

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၅**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ် ကွက်တာမြို့၌ ယနေ့ ဓာတ်ငွေ့ယိုစိမ့်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကလေးငယ်လေးဦး သေဆုံးပြီး အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းများအရ သိရသည်။

အဆိုပါမိသားစုဝင်တစ်ဦးသည် အခန်းတွင်း၌ ဓာတ်ငွေ့များ ယိုစိမ့်ထွက်နေသည်ကို သတိမမူဘဲ အပူပေးစက်ကို ဖွင့်ခဲ့စဉ် ဓာတ်ငွေ့ပေါက်ကွဲမှု စတင်ခဲ့ခြင်းဖြစ်သည်ဟု ဒေသန္တရသတင်းဌာနများက ဖော်ပြသည်။

အဆိုပါ အခင်းဖြစ်ရာနေအိမ်၏ တစ်စိတ်တစ်ပိုင်း ပြိုကျခဲ့ပြီး ကလေးငယ်များနှင့် အမျိုးသမီးငယ်များ မီးလောင်ဒဏ်ရာများ ပြင်းထန်စွာ ရရှိခဲ့သဖြင့် ကယ်ဆယ်ရေးအဖွဲ့များက နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားသည်။

ကလေးငယ်များသည် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး အမျိုးသမီးနှစ်ဦးသည် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။

ကွက်တာမြို့၌ လက်ရှိအချိန်တွင် အအေးလှိုင်းများဖြတ်လျက်ရှိပြီး ညအပူချိန်သည် အနုတ်သုံးဒီဂရီစင်တီဂရိတ်သို့ ရောက်ရှိလျက်ရှိသည်။ ဒေသခံပြည်သူများသည် အအေးဒဏ်ကို ခံနိုင်ရည်ရှိစေရန် အပူပေးစက်များကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၈၇၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၇၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၁၉,၇၉၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၁၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၆၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၄-၁-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၉၇,၇၀၉) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၀၇,၈၇၁) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၄-၁-၂၀၂၃ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၉၇,၇၀၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၀၇,၈၇၁ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## ပန်းတောင်း၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ အသိပညာပေးဟောပြော

**ပန်းတောင်း ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥဿျှစ်ပင်မြို့စိန်ထရေးဇားမူလတန်းကြိုကျောင်းခန်းမတွင် ယမန်နေ့ မွန်းလွဲပိုင်းက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ အခွင့်အရေးများ၊ ကလေးသူငယ်ဥပဒေပေါ်ပေါက်လာပုံ၊ ရည်ရွယ်ချက်၊ UNCRC သို့ အစီရင်ခံစာတင်သွင်းမှုနှင့် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်မှုများ၊ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပုံစံအမျိုးမျိုး၊ ကလေးသူငယ်များကိုမွေးစားခြင်း စသည့် အကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းနှင်းယုက မသန်စွမ်းကလေးများ ကာကွယ်စောင့်ရှောက်ခြင်း၊ အခြားနည်းလမ်းများဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း၊ ကလေးသူငယ်မှုခင်းများကြားနာစစ်ဆေးခြင်းအခန်း(၇)၊ ပြစ်မှုပြစ်ဒဏ်များကို ပုဒ်မတစ်ခုခြင်းအလိုက် ဟောပြောဆွေးနွေးခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက ဌာနလုပ်ငန်းများ၊ စာပေလေ့လာဖတ်ရှုခြင်းဖြင့် ဗဟုသုတများရရှိနိုင်ကြောင်း စသည့်အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ရေး သရုပ်ပြဓာတ်တိုက်လေ့ကျင့်

**ညောင်တုန်း ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် သုခမင်္ဂလာဈေးရုံတွင် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြဓာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဇော်လွင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးခင်မောင်ဦးတို့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်ခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အသိပညာပေးအကြောင်းအရာများနှင့် မီးသတ်ဆေးဘူး သုံးစွဲနည်းများကို ရှင်းလင်းပြောကြား၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများနှင့်အတူ မီးသတ်ဆေးဘူး အသုံးပြုခြင်း၊ မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြ ဓာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**

## သာပေါင်းမြို့နယ်၌ ရေသန့်စင်စနစ် လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သာပေါင်း ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ငုချောင်းကျေးရွာတွင် ရေသန့်စင်စနစ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် အင်ဂျင်နီယာ တာဝန်ခံဝန်ထမ်းများသည် ငုချောင်းကျေးရွာတွင် ရေသန့်စင်စနစ်လုပ်ငန်း Lifestraw max သုံးလုံး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ငုချောင်းကျေးရွာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၆၀ ဖြင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် Kyaw & Cho ကုမ္ပဏီက ဇူလိုင်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများအားလုံး၏ ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**JJJ**

# ကျိုက်ထီးရိုးဘုရားဖူးမြော်ရန် လာရောက်သည့် ဘုရားဖူးယာဉ်ကို PDF အမည်ခံ အကြမ်းဖက်သမားများက ဗုံးပစ်လောင်ချာဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ဘုရားဖူးပြည်သူ အမျိုးသားတစ်ဦး သေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း NUG၊ CRPH လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်ထီးရိုးဘုရားဖူးမြော်ရန် လာရောက်သည့်ယာဉ်အား ဆင်ခြင်တုံတရားမဲ့စွာ ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ဘုရားဖူးမိဘပြည်သူတစ်ဦး သေဆုံးပြီး ခုနစ်ဦး ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့မှ ဦးသီဟ မောင်မောင် မောင်းနှင်၍ ဘုရားဖူးခရီးသည် ၁၁ ဦး လိုက်ပါလာသည့် ယာဉ်သည် ယနေ့မွန်းလွဲ ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်ရှိ KP စက်သုံးဆီဆိုင်အနီးသို့ရောက်ရှိစဉ် NUG၊ CRPH လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဗုံးပစ်လောင်ချာဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်မှုကြောင့် ယာဉ်အား ဗုံးသီးထိမှန်ခဲ့ကာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အပြစ်မဲ့ ဘုရားဖူးမိဘပြည်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား နှစ်ဦး၊ အမျိုးသမီး ငါးဦး တို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း၊ အဆိုပါဒဏ်ရာရရှိခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သော ဆေးရုံ၊ စာသင်ကျောင်း၊ လူနေအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုများ ပြုလုပ်လာသည့်အပြင် အများပြည်သူ ယုံကြည်ကိုးကွယ်ရာဖြစ်သော ဘာသာရေးဆိုင်ရာ ဘုရား၊ ကျောင်းကန်များအထိ ယုတ်မာရိုင်းစိုင်းသည့် အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာသည်ကို သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့်ပူးပေါင်းလက်တွဲကာ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ကျိုက်ထိုမြို့နယ် မုပ္ပလင်လမ်းဆုံအနီး၌ ဘုရားဖူးလာရောက်သည့် ယာဉ်အား အကြမ်းဖက်သမားများက ပစ်ခတ်ခဲ့သည့် နေရာပြပုံ။





ပစ်ခတ်ခံရသည့် ဘုရားဖူးယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

# KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာရှိ နေအိမ်တစ်လုံးကို မီးရှို့ဖျက်ဆီး၊ ကျေးရွာအုပ်ချုပ်ရေးမှူးကို ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာရှိ နေအိမ်တစ်လုံးကို KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဇန်နဝါရီ ၂၄ ရက်တွင် အကြောင်းမဲ့လာရောက် မီးရှို့ဖျက်ဆီးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကို လိုလားသည့်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဇန်နဝါရီ ၂၄ ရက် ညနေပိုင်း ၅ နာရီ ၁၅ မိနစ်ခန့်တွင် ကော့ကရိတ်မြို့နယ် တံတားဦးကျေးရွာဘက်မှကမ်းနီကျေးရွာဘက်သို့ယာဉ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ကမ်းနီကျေးရွာရှိ လူနေအိမ် တစ်လုံးကို အကြောင်းမဲ့မီးရှို့ဖျက်ဆီးကာ ကျေးရွာအုပ်ချုပ်ရေးမှူးအား ဖမ်းဆီးခေါ်ဆောင်၍ ကော့ကျိုက်ကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ ထိုသို့မီးရှို့ဖျက်ဆီးမှုကြောင့် ကျေးရွာအတွင်းရှိနေအိမ်များအား မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၂၄ ရက် နံနက် ၃ နာရီခန့်တွင် အဆိုပါကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအား KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကို လိုလားသည့်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့လာရောက် မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာအုပ်ချုပ်ရေးမှူးရုံးကို KNDO တပ်ရင်း (၆)နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာရှိ နေအိမ်တစ်လုံးကို KNDO တပ်ရင်း (၆)နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာရှိ နေအိမ်များကို KNDO တပ်ရင်း (၆)နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ (၃)ရပ်ကွက်နေ နိုင်မိုးဦး(ခ) ဖက်တီး(ခ) ဝတုတ်သည် ၎င်းအသုံးပြုသည့် “Oo Naing Moe” Facebook အကောင့်၊ မွန်ပြည်နယ် ရေးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ်(၃)ရပ်ကွက်နေ ဇာခြည်လဲ့သည် ၎င်းအသုံးပြုသည့် “Zar Chi Lae” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၅ | ၂၃၇၅ | ၂၃၆၀ | ၂၃၄၀ | ၂၄၃၅ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၂၉၀၀ |
| 95 Ron | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၂၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၅ | ၂၇၀၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၅၂၀ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၀ | ၂၅၇၅ | ၂၆၀၅ | ၂၆၀၅ | ၂၆၁၀ | ၂၈၄၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၆၀၀ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၀ | ၂၆၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၅ | ၂၇၅၅ | ၂၇၅၀ | ၂၆၄၀ | ၂၆၅၅ | ၂၆၈၅ | ၂၆၈၅ | ၂၆၉၀ | ၂၉၂၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၆၀၀ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၀ | ၂၆၅၀ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၅ | ၂၇၅၅ | ၂၇၅၀ | ၂၆၄၀ | ၂၆၅၅ | ၂၆၈၅ | ၂၆၈၅ | ၂၆၉၀ | ၂၉၂၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၂ | ၂၂၆၉ |
| 95 Ron | ၂၂၆၈ | ၂၃၄၇ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၁ |
| HSD (50 ppm) | ၂၄၇၈ | ၂၅၅၇ |
| HSD (10 ppm) | ၂၄၇၈ | ၂၅၅၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "ညီညွတ်ရေးသံစဉ်" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်




**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်မှုအဖြစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် **"ညီညွတ်ရေးသံစဉ်"** တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီ ၂၇ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**ဖျော်ဖြေတင်ဆက်ကြမည်**

ယင်းအစီအစဉ်တွင် "မြန်မာ့အသံခေတ်ပေါ်တေးဂီတ" အဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင် ရသ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းမှ တေးသံရှင်များနှင့် တူယှဉ်နွဲပျော်ဂီတပွဲတော်မှ တိုင်းရင်းသားတေးသံရှင်များ ဖြစ်ကြသည့် စောရက်စတာ၊ လင်းဘုန်းကျော်၊ ဖူးကေရီဆောင်း၊ အင်ကြင်းနိုင်ဦး၊ နန်းခိုင်သစ္စာ၊ မြင့်မြတ်ကျော်၊ စိုးထက်အောင်၊ စောရဲရဲနှင့် ထွန်းပပအောင်တို့က တိုင်းရင်းသားရိုးရာများနှင့် ဒေသဆိုင်ရာ အလှအပသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်"မှ "မင်းကုသနှင့်ပပဝတီ" ဇာတ်တော်အပိုင်း(၂)ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ် စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

**တင်ဆက်ကြမည်**

အဆိုပါအစီအစဉ်မှ **"မင်းကုသနှင့်ပပဝတီ"** ဇာတ်တော်အပိုင်း(၂)ကို သဘင်ပညာရှင် ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစားဝါးခယ်မ စိန်မုန့်လုံး၏တီးခတ်မှု၊ ပဲပုပ်စိန်၊ နန်းခင်မွေး၊ ဘဲဥမ၊ ဆန်းနေအောင်၊ ပေါက်ကျော်တို့နှင့်အတူ သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဇန်နဝါရီ ၂၈ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သုတဝေဖြာ သိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၁၀၂)ကို ဇန်နဝါရီ ၂၇ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးရန်အောင်နှင့် သိမ့်သိမ့်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇန်နဝါရီ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မန်းရွှေစက်တော်ရာပါဒစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲ၊ အထူးတံတားနှင့် အထူးမုခ်ဦးဖွင့်ပွဲ မင်္ဂလာအခမ်းအနားများ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ရာဘုရားပါဒစေတီတော် ဗုဒ္ဓပူဇနိယ ပွဲတော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနား၊ အထူးတံတားနှင့် အထူးမုခ်ဦးဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အဆိုပါအခမ်းအနားသို့ မင်းဘူးမြို့ အမှတ်(၂) ရပ်ကွက် မဟာဝိသုတာရာမတိုက်သစ် ပဓာန နာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာ တော်ဘဒ္ဒန္တဉာဏိက အမှူးပြုသောသံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။



ဦးစွာ အထူးတံတားနှင့်မုခ်ဦးကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ အဆိုပါတံတားကို မန်းရွှေစက်တော်ရာဘုရားပွဲ ကျင်းပသည့်ကာလအတွင်း တည်ဆောက်မည့် မန်းချောင်းကူးယာယီဝါးတံတားအစား ဘုရားဖူး ပြည်သူများ စိတ်အေးချမ်းသာ ပိုမိုအဆင်ပြေ လွယ်ကူစွာ သွားလာနိုင်ရေးအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လမ်းညွှန်မှာကြား ချက်အရ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည် ပေ ၁၀၀၊ အကျယ် ၁၄ ပေရှိကြောင်းနှင့် တံတား၏ ခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ချောင်းရေထိန်းသိမ်းရန်အတွက် ရေထိန်း နံရံရေတားတစ်ခုကိုလည်း ထည့်သွင်းဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဗုဒ္ဓပူဇနိယပွဲတော်အထူးမုခ်ဦးကို မဟာဝိသုတာရာမတိုက်သစ် ပဓာနနာယက ဆရာတော်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် တို့က စက်ခလုတ်နှိပ်၍ဖွင့်လှစ်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဗီဇိတဒါနငှက်လွှတ် ခြင်း၊ အထူးတံတားပေါ်မှ ဗီဇိတဒါနငါးလွှတ်ခြင်းတို့ ကို ဆောင်ရွက်ကြသည်။

ယင်းနောက်မန်းရွှေစက်တော်အောက်ခြေတော် ရာ ပါဒစေတီတော် အလင်းပေါက်ဖန်အုပ်ဆောင်း တော်ဖွင့်လှစ်ခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဗုဒ္ဓါ ဘိသေကအနေကဇာတင်ပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ သံဃာ တော်များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူး တို့က အလင်းပေါက်ဖန်အုပ်ဆောင်းတော်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ကြသည်။ ဆက်လက်၍ သံဃာတော်အရှင်သူမြတ်တို့က မန်းရွှေစက်တော် အောက်ခြေတော်ရာ ပါဒစေတီတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူပြီး ဗုဒ္ဓပါဒ ခြေတော်ရာအား နမ္မဒါရေစင်ဖြင့်သွန်းဖျန်း၍ ရွှေသင်္ကန်းများ ဆက်ကပ်ပူဇော်ကြသည်။ ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းကြသည်။

ယင်းနောက် အထက်စက်တော်ရာ ပါဒစေတီ တော် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ကျင်းပရာ ဆရာတော် အရှင်သူမြတ်များနှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ် များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန် တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး တောင်တွင်း ကြီးမြို့ ငှက်ပစ်တောင်ကျောင်း ပဓာနနာယက မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုး တော်ဆောင်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တမာနိတ၊ တိုင်းဒေသ ကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အထက်စက်တော် ရာ ပါဒစေတီတော်မြတ်ကြီးကို ဖွင့်လှစ်၍ နမ္မဒါရေစင် ဖြင့် သွန်းဖျန်းကာ ရွှေသင်္ကန်းတော်များ ဆက်ကပ် ပူဇော်ကြသည်။

**အနေကဇာတင်တော်မူ**

ထို့နောက် သံဃာတော်အရှင်သူမြတ်များက အထက်စက်တော်ရာ ပါဒစေတီတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်း အနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် သုံးထပ်သာသနာ့ဗိမာန်တွင် မန်းရွှေစက်တော်ရာဘုရား ပါဒစေတီတော်နှစ်ဆူ ဖွင့်လှစ်ပူဇော်ပွဲအောင်မြင်ခြင်းအတွက် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ဆည်းပူးခြင်းနှင့် လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေခြင်း အခမ်းအနား ကျင်းပ၍ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မင်းဘူး သစ်ထုတ် ရေးဒေသ၊ ရွှေစက်တော်မန်းချောင်း ဆင်စခန်း လေးနှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားသို့ သွားရောက်၍ ဆင်သရုပ်ပြ(Elephant Show) အစီအစဉ်များကို ကြည့်ရှုအားပေးကာ ဆင်များအား အစားအစာများ ကျွေးမွေးခဲ့ကြသည်။

အဆိုပါ မန်းရွှေစက်တော်ရာဘုရားပါဒ စေတီတော်ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ဧပြီ ၁၇ ရက်အထိ ၈၃ ရက်တိုင်တိုင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်ဖိုမြို့နယ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**အုတ်ဖို ဇန်နဝါရီ ၂၅**

ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံ ပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပ သော လူငယ်စကားဝိုင်း ဆွေးနွေး ပွဲကို ပဲခူးတိုင်းဒေသကြီး အုတ်ဖို မြို့နယ် အထက ဂုံညင်းတန်းတွင် ယနေ့နံနက် ၁၀ နာရီက ကျင်းပ သည်။

အခမ်းအနားတွင် အထက ဂုံညင်းတန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခိုင်သီသီမွန်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ညွန့်ညွန့်စိန်က လူငယ် စကားဝိုင်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ဆွေးနွေးသည်။



**ပါဝင်ဆွေးနွေး**

ဆက်လက်၍ လူငယ်စကား ဝိုင်းကို ကျင်းပရာ Grade-10 မှ မောင်မြတ်လင်းမောင်က လူငယ် နှင့်အချိန် ခေါင်းစဉ်ဖြင့်လည်း ကောင်း၊ Grade-11 မှ မရွှေရည် အောင်က လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 မှ မောင်လူမော်ထွန်းက လူငယ်နှင့် ကျင့်ဝတ်ခေါင်းစဉ် ဖြင့် လည်းကောင်း၊ Grade-11 မှ မမိုးသောက်ကြယ်စင်ကျော်က လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်တို့ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြပြီး တက်ရောက် လာသော ကျောင်းသား ကျောင်းသူ များက သိလိုသည်များကို ခေါင်းစဉ် အလိုက် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

■



# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူး များနှင့် သူနာပြုများပါဝင်သော တပ်မတော် မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေ ယာဉ်(စကု)တို့သည် ယနေ့တွင် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ များမှ ဒေသခံပြည်သူ ၂၆၀ အား ၎င်းကျေးရွာများရှိ ဖြဟ္မာဝိဟာရဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှု ဆိုင်ရာ ရောဂါ ၈၁ ဦး၊ ခွဲစိတ်ရောဂါ ၂၁ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၂၃ ဦး၊ အရိုး ရောဂါ ၃၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၅ ဦး၊ မျက်စိရောဂါ ၃၅ ဦးနှင့် သွားရောဂါ ၁၇ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက် ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာရှစ်ဦးနှင့် မျက်စိခွဲစိတ်လူနာ ခုနစ်ဦးတို့ကို ခွဲစိတ်ကုသပေးခြင်း များနှင့် ဓာတ်မှန်ရိုက်လူနာ ခြောက်ဦး၊ တယ်လီ ဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၂၁ ဦး၊ ECG စက်ဖြင့် နှလုံး စမ်းသပ်လူနာ ၁၆ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမာရွတ်မြို့နယ်အတွင်း တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက် လမ်းမီးတိုင်များထွန်းညှိခြင်း လုပ်ငန်းဆောင်ရွက်

**ကမာရွတ် ဇန်နဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ တက္ကသိုလ်ရိပ်သာလမ်း တစ်လျှောက်လမ်းမီးတိုင်များ လမ်းမီးထွန်းညှိခြင်း လုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းမှ စတင်ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာတွင် ကမာရွတ် မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း (ပြည်လမ်းဆုံမှ သံလွင်လမ်းထိပ်ထိ) လမ်းဘေးဝဲ/ယာရှိသော လမ်းမီးတိုင်များမှ လမ်းမီးအသစ်များတပ်ဆင်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၅**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းကို ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် အသိပညာပေးစကားများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေါပုံမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ဒလမြို့နယ်နှင့် ကော့မှူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၁၂ ဦး၊ အမျိုးသမီးနှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။ ဆက်လက်၍ ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များ၏ မိသားစုဝင်များကိုယ်စား မိခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိရသည်။**

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးက "ဟိုမှာနေရတာ အဆင်မပြေလို့ ဒုက္ခပေါင်းစုံရောက်တယ်။ တောထဲမှာ စားရတာလည်းအဆင်မပြေဘူး။ အစစအရာရာ ဘာမှအဆင်မပြေဘူး။ အစကတော့ ကောင်းမယ်ထင်လို့ သွားခဲ့တာ။ ကြီးနိုင်ငယ်ညှဉ်းပုံစံဖြစ်နေတယ်။ သူတို့အကြီးတွေလောက်ပဲ အဆင်ပြေတာ။ အောက်ကအငယ်တွေကတော့ စားချင်သလိုစားနေချင်သလိုနေဖြစ်နေတယ်။ ခဏလေးပဲနေခဲ့တော့ ဘာမှသိပ်မသင်ပေးပါဘူး။ သူငယ်ချင်းတစ်ယောက်က ပြန်လာတော့ ကျွန်တော်တို့မြို့က တာဝန်ရှိတဲ့ ဗိုလ်ကြီးကိုမေးကြည့်တာ။ အလင်းဝင်လို့ရလား၊ ပြန်လာလို့ရတယ်ဆိုလို့ သူတို့ကလည်း နွေးနွေးထွေးထွေးကြိုဆိုမယ်ဆိုလို့ ကျွန်တော်လည်း ပြန်ချိတ်ဆက်ပြီး ပြန်လာတာ။ အကုန်လုံးကတော့ ကိုယ့်အိမ်ကိုပြန်လာချင်ကြတာပါပဲ။ သူတို့ကိုပြောချင်တာက ဆက်ပြီးဒုက္ခခံမနေနဲ့ ပြန်လာချင် ရင် ဒီကအကြီးအကဲတွေနဲ့ ပြန်လာပေါ့။ ဒီက တာဝန်ရှိတဲ့သူတွေကလည်း နွေးနွေးထွေးထွေးနဲ့ကြိုဆိုတော့ ပြန်လာဖို့ပဲပြောချင်ပါတယ်"ဟု ပြောသည်။



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်အမျိုးသမီးတစ်ဦးက"အသိမိတ်ဆွေကခေါ်သွားလို့ ညီမအဲဒီကိုရောက်သွားတာ တောထဲကို။ ဘာမှကိုမပြောတာ။ သင်လည်းမသင်ပေးဘူး။ သိလည်းမသိရဘူး။ အဲဒီရောက်သွားတာနဲ့ တစ်ရက်နှစ်ရက်နေတော့ နောက်နေ့တွေကျ ဟင်းချက်ရတယ်။ ကိုယ့်ထက် အရင်ရောက်နေတဲ့ စောတဲ့စီနီယာတွေရဲ့ ဝေယျာဝစ္စတွေလုပ်ပေးရတယ်။ ခုလိုမျိုး လူကြီးစုံရာနဲ့ အလင်းဝင်တာကောင်းတယ် အဲဒီလိုမျိုးလည်းဝင်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တောထဲမှာလည်း အတော်ဒုက္ခရောက်တယ်။ ကိုယ်တိုင်က ဘာမှမဟုတ်တာလည်း မဟုတ်ဘူးပေါ့နော်။ ကိုယ့်အချိန်တွေဆုံးရှုံးတာပဲရှိတယ်။ အဲဒီတော့လူကြီးတွေနဲ့ ဒီလိုမျိုးအတိအလင်း အလင်းဝင်စေချင်တယ် ကိုယ့်လို သူငယ်ချင်းတွေကိုလည်း။ ညီမကတော့ အတိုင်းထက်အလွန်ကို ဝမ်းသာပါတယ်။ မိဘရင်ခွင်ထဲကို အရင်လိုပြန်ပြီး ခွဲလို့ရတယ်။ ဘာပဲပြောပြော သွားနေတဲ့ကာလအတွင်းမှာ မိဘတွေနဲ့လည်း ဖုန်းဆိုတာ ပြောချင်မှ ပြောရတာ။ ခုလိုအိမ်ပြန်ရောက်တဲ့အတွက် အတိုင်းထက်အလွန် ဝမ်းသာပါတယ်။ ခုလိုမျိုး စီစဉ်ပေးတဲ့လူတွေအကုန်လုံးကို ကျေးဇူးတင်ပါတယ်" ဟုပြောသည်။





ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များ။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မူဆယ်နယ်စပ်ဂိတ်များ စတင်ဖွင့်လှစ်ပြီဖြစ်၍ နယ်စပ်သွားလာခွင့်လက်မှတ်စာအုပ်များ ပြုလုပ်ပေးလျက်ရှိ

**မူဆယ် ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ နယ်စပ်ဂိတ်များ စတင်ဖွင့်လှစ်ပြီဖြစ်၍ တရုတ်နိုင်ငံသို့ ဝင်/ထွက်သွားလာနိုင်ရေးအတွက် နယ်စပ်သွားလာခွင့်လက်မှတ် Border Pass(BP) စာအုပ်များကို နန်းတော်ဂိတ်တွင် ယနေ့ နံနက်ပိုင်း ၈ နာရီခွဲမှစတင်၍ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ပြုလုပ်ပေးရာတွင် မူဆယ်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများက စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး နယ်စပ်သွားလာခွင့်လက်မှတ် စာအုပ်အတွက် လိုအပ်သော နိုင်ငံသားစိစစ်ရေးကတ်ပြား/ ဧည့်နိုင်ငံသားစိစစ်ရေးကတ်ပြား/ နိုင်ငံသားပြုခွင့်စိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်း စသည့်တို့၏ မူရင်းနှင့်မိတ္တူတို့ကို မိမိနှင့်အတူ တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။



မြန်မာ-တရုတ် နှစ်နိုင်ငံ လူအဝင် အထွက်ဂိတ်များဖြစ်သော နန်းတော်ဂိတ်နှင့် ဆင်ဖြူဂိတ်များကို ယနေ့နံနက် ၆ နာရီတွင် စတင်ဖွင့်လှစ်ခဲ့ပြီး သွင်းကုန်ထုတ်ကုန် စီးဆင်းမှုအတွက် ကုန်ကားများ ဝင်ရောက်ရန် မန့်ဝိန်းဂိတ်ကို ပြီးခဲ့သည့် ဇန်နဝါရီ ၁၄ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုး ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဆင်ဖြူဂိတ်၊ မန့်ဝိန်းဂိတ်နှင့် နန်းတော်ဂိတ် စသည့် နယ်စပ်ဂိတ်များတွင် ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ ကျန်းမာရေးစစ်ဆေးမှုစင်တာများကို စစ်ဆေးကြည့်ရှုခဲ့ပြီး နယ်စပ်သွားလာခွင့်လက်မှတ်(BP)စာအုပ်များ ပြုလုပ်ပေးမှုများကို သွားရောက်ကြည့်ရှုခဲ့၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

## ရပ်ကွက်/ကျေးရွာပေါင်းစုံ(အမျိုးသား) ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**ဒိုက်ဦး ဇန်နဝါရီ ၂၅**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြည်သူ့အားကစားကွင်းအတွင်း၌ ဇန်နဝါရီ ၂၄ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် ဒိုက်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများက အားကစား သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်း၊ ပြိုင်ပွဲဝင်အသင်းများအား မြို့နယ်အုပ်ချုပ်ရေးမှူးက လိုက်လံနှုတ်ဆက်ခြင်း၊ ပြိုင်ပွဲဝင်အသင်းများက စစ်ကြောင်းပုံဖြင့် ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခြင်း ပြုလုပ်သည်။

ထို့နောက် ကျောင်းသားကျောင်းသူများ၏ Fitness Dance အကများဖြင့် ကပြဖျော်ဖြေကြရာ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုချီးမြှင့်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာများမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ**
**တမံသဘော ရေထိန်းတော။**

## မောင်တောကုန်သွယ်ရေးစခန်းမှ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် စက်မှုကုန်ချောပစ္စည်းများ အဓိကတင်ပို့လျက်ရှိ



နေပြည်တော် ဇန်နဝါရီ ၂၅

မောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိသည်။

**တင်ပို့နိုင်ခဲ့**

၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၃၁-၁၂-၂၀၂၂)အထိ တင်ပို့နိုင်ခဲ့သည့် လယ်ယာထွက်ကုန်ပစ္စည်းများမှာ ကြက်သွန်နီ ၁၆ တန်၊ ကွမ်းသီး ၁၂၁၆ တန်၊ ချင်း(အစို) ၇၁၆ တန်၊ တညင်းသီး ၇၃၅ ဒသမ ၃ တန်၊ ထန်းလျက် တန် ၁၄၀၊ လဲမှို့ခြောက်တန်၊ နနွင်းတက်သုံးတန်၊ အုန်းသီး ၃၃၃ တန်၊ ကုလားပဲ ရှစ်တန်၊ မန်ကျည်းဖတ် လေးတန်၊ မြေပဲစေ့(အခွံပါ) ငါးတန်၊ မတ်ပဲ တန် ၂၀၊ ဆီးသီးခြောက် ၁၀၆၃ ဒသမ ၃ တန်နှင့် ခရမ်းချဉ်သီး ၂၇ တန်ဖြစ်သဖြင့် စုစုပေါင်းလယ်ယာထွက်ကုန်ပစ္စည်း ၄၂၈၂ ဒသမ ၆ တန် တန်ဖိုးငွေကျပ် ၂ ဒသမ ၂၂၄ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

မောင်တောကုန်သွယ်ရေးစခန်း အနေဖြင့် ကုန်သွယ်မှုပိုမိုတိုးတက်ရေးအတွက် One Stop Services တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဌာနများ၊ မိတ်ဖက်ဌာနအဖွဲ့အစည်းများနှင့် ကုန်သည်လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ တစ်လတစ်ကြိမ် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးပြုလုပ်ပြီး ကုန်သွယ်မှုလုပ်ငန်းကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၅ ရက်၏ ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၂၈၀၈ ကျပ်၊ ၁၁၂ ဒသမ ၈ တာကာ၊ ကျပ် ၁၀၀ လျှင် ၄ ဒသမ ၀၂ တာကာ၊ တစ်တာကာလျှင် ကျပ် ၂၄ ဒသမ ၉၀ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဇန်နဝါရီလ တတိယပတ်ကာလအထိ ထိုင်းနိုင်ငံသို့ ငရုတ်သီးစိမ်း ၄၁ တန်ကျော် တင်ပို့နိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၂၅

မောတောင်မြို့ဒေသဝန်းကျင်တွင် ငရုတ်သီးစိမ်းကို အများအပြားစိုက်ပျိုးလျက်ရှိပြီး ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိသည်။

ဇန်နဝါရီ တတိယပတ်ကာလအထိ မောတောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ငရုတ်သီးစိမ်း ၄၁ တန်ကျော် တင်ပို့နိုင်ခဲ့သည်။

လက်ရှိပေါက်ဈေးအနေဖြင့် ငရုတ်သီးစိမ်း တစ်ကီလိုဂရမ်လျှင် ၂၈ ဘတ်ရရှိပြီး မောတောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ပုံမှန်အားဖြင့် အပတ်စဉ် ငရုတ်သီးစိမ်း ၅၀၀၀ မှ ၆၅၀၀ ကီလိုဂရမ်အကြား တင်ပို့လျက်ရှိကြောင်း သိရသည်။ ထိုင်းနိုင်ငံသို့ ငရုတ်သီးစိမ်းတင်ပို့ရာတွင် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ အကျိုးခံစားခွင့်(Form-D)ဖြင့် တင်ပို့ရောင်းချလျက်ရှိပြီး မောတောင်ဒေသရှိ ငရုတ်စိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိလျက်ရှိသည်။

သတင်းစဉ်

## မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ဇန်နဝါရီ ၂၄ ရက် ကုန်သွယ်မှုအခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၅

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ဇန်နဝါရီ ၂၄ ရက်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၅ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၁၁ သန်းရှိပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၃၆ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ဝါဂွမ်း ၁၇၃ ဒသမ ၉၇ တန်၊ နှမ်းနက် ၁၇၆ တန်၊ ဇစိန်ဆန် (၁၅ ရာခိုင်နှုန်း) ၅၁၉ ဒသမ ၇၅ တန်၊ ကဏန်း ၃၇ ဒသမ ၅၀ တန်၊ ငါးရှဉ့် ၃၅ ဒသမ ၉၆ တန်၊ ဆန်ကွဲ (B 1-2) ၃၆၁ တန်၊ ပဲတီစိမ်း ၂၂၉ တန်၊ ဖရဲသီး ၉၈၁ ဒသမ ၅၀ တန်၊ ကြံ ၂၅၄၃ ဒသမ ၈၀ တန်နှင့် သခွားမွှေး ၃၂၈ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ ဆိုလာပြား၊ တံခါးမင်းတုန်းနှင့် မူလီ၊ လျှပ်စစ်မီးသီး၊ သံတံခါးပေါင်၊ စက်ရုံသုံးသံဒလိမ့်တုံး၊ စက္ကူ၊ အတွင်းခံအင်္ကျီ၊ အသီးစွပ်စက္ကူအိတ်နှင့် ပန်းသီးတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၄ ရက်ထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၂၉ ဒသမ ၀၈၁ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၃၇၈ သန်း၊ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၄၅၉ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၃၀၉ ဒသမ ၃၉၄ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဘိန်းအစားထိုးသီးနှံ ကြံ တရုတ်နိုင်ငံသို့ တင်ပို့

နေပြည်တော် ဇန်နဝါရီ ၂၅

ရှမ်းပြည်(မြောက်ပိုင်း) လားရှိုးခရိုင်ရှိ ကွမ်းလုံမြို့နယ်၊ သိန္နီမြို့နယ်နှင့် လားရှိုးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်ထားသည့် ကြံများကို ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တစ်ဖက်တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကိန်းမခရိုင် မိန်းတိန်မြို့နမ့်ဟွာသကြားစက်ရုံသို့ တင်ပို့လျက်ရှိသည်။

ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးထားသည့် ကြံများကို ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်ရိတ်သိမ်းပြီး ပြည်ပသို့ တင်ပို့သည့်ကာလမှာ ဒီဇင်ဘာလဆန်းမှ မတ်လပထမပတ်ခန့်အထိ ဖြစ်သည်။

လားရှိုးခရိုင်အတွင်း ဘဏ္ဍာနှစ်အလိုက် ကြံစိုက်ပျိုးထွက်ရှိမှုမှာ လားရှိုးခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အများဆုံးစိုက်ပျိုးထုတ်လုပ်ခဲ့ပြီး စိုက်ပျိုးမှု ၁၁၄၃၃ ဧက၊ ရိတ်သိမ်းမှု ၁၁၄၃၃ ဧက၊ တစ်ဧကအထွက်နှုန်း ၂၈ ဒသမ ၄၄ တန်ဖြစ်၍ ၃၂၅၁၁၈ တန်ထွက်ရှိကြောင်း သိရသည်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဘဏ္ဍာနှစ်အလိုက် ကြံတင်ပို့မှုမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အများဆုံးတင်ပို့ခဲ့ပြီး တန်ချိန် ၂၉၀၅၇၆ တန် တန်ဖိုး ၁၄ ဒသမ ၅၂၈ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လက်ရှိအချိန်ထိတွင် ၈၇၈၈၂ တန် တန်ဖိုး ၄ ဒသမ ၄၅၄ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်း တင်ပို့မှုနှင့် သွင်းကုန်ပစ္စည်း တင်သွင်းမှုအခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၅

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းတို့ ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၄ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၁၁၃ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၈ သန်းဖြစ်ပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇၀၀ သန်း ဖြစ်သည်။

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်ဖြစ်ပြီး သီဟိုဠ်စေ့၊ ဆီအုန်း၊ အုန်းဖက်တီးအက်စစ် (Palm Fatty Acid)တို့ကိုလည်း တင်ပို့နိုင်ခဲ့သည်။ တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ငါးမျှားကြိုး၊ ပုလင်းဖုံး၊ ဓာတ်ဆီ၊ ကားမှုတ်ဆေး၊ ဝါဂွမ်း၊ သွားတိုက်ဆေး၊ ရေချိုးဆပ်ပြာ၊ ရေကူးကန်သုံးပစ္စည်း၊ နိုင်လွန်ကြိုး၊ မီးသွေးမှုန့်၊ နှင်းရည်၊ ပီလောပီနံမှုန့်၊ ငါးဖမ်းပိုက်၊ ဒီဇယ်၊ ကန့်၊ သံကြိုးခွေများဖြစ်သည်။

သတင်းစဉ်

## ညော့်မထ ဆန်/စပါးဈေးနှုန်း အနည်းငယ်မြင့်တက်

နေပြည်တော် ဇန်နဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီးတွင် ညော့်မထ(မိုးစပါး) ဈေးနှုန်းများ အနည်းငယ်မြင့်တက်လျက်ရှိရာ ဇန်နဝါရီလ ဒုတိယပတ်တွင် ညော့်မထစပါးဈေးနှုန်းမှာ တင်း ၁၀၀ (၄၆ ပေါင်) လျှင် ငွေကျပ် ၁၁၂၀၀၀၀ မှ ၁၁၆၀၀၀၀ ထိရှိခဲ့ရာမှ ဇန်နဝါရီလ စတုတ္ထပတ်တွင် ငွေကျပ် ၁၁၆၀၀၀၀ မှ ၁၁၉၆၀၀၀ ဈေးနှုန်းဖြင့် ငွေကျပ် ၃၆၀၀၀ မြင့်တက်လာခဲ့ကြောင်း သိရသည်။ ဇန်နဝါရီလ ဒုတိယပတ်တွင် ညော့်မထဆန်ဈေးနှုန်းမှာ ၂၄ ပြည်ပါ (၁၀၈ ပေါင်) တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀ မှ ၄၃၅၀၀ ရှိခဲ့ရာမှ ဇန်နဝါရီလ စတုတ္ထပတ်တွင် ငွေကျပ် ၄၄၀၀၀ မှ ၄၆၀၀၀ ထိရောက်ရှိခဲ့သဖြင့် ၂၀၀၀-၂၅၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။

စပါး/ဆန်ဈေးနှုန်း အနည်းငယ်မြင့်တက်လာရခြင်းမှာ ပြည်ပသို့တင်ပို့မည့် သင်္ဘောဆိုက်ရောက်နေချိန်ဖြစ်သဖြင့် ရန်ကုန်ရှိ ဆန်ကုန်သည်များမှ ပို့ကုန်အဆင့်မီ အရည်အသွေးမြင့် ညော့်မထဆန်များကို ဈေးနှုန်းမြင့်တက်၍ ဝယ်ယူနေခြင်းကြောင့်လည်းကောင်း၊ တောင်သူများမှ စပါးနည်းပါးလာသည့်အချိန်တွင် စပါးကိုထိန်း၍ ရောင်းချနေခြင်းများကြောင့်လည်းကောင်း ဈေးနှုန်းမြင့်တက်လာခဲ့ဖြင်းဖြစ်ကြောင်း သိရသည်။

DOCA(ပဲခူး)



## မိတ္ထီလာခရိုင်အတွင်း မြေပဲလုံးဆန်ဈေးနှုန်း မြင့်တက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၅

ဆီထွက်သီးနှံဖြစ်သည့် မိုးမြေပဲကို မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် အဓိကစိုက်ပျိုးကြပြီး ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း မိုးမြေပဲစိုက်ဧက ၅၂၈၉၃၊ ရိတ်သိမ်းဧက ၄၇၄၈ ဧကရိကာ စုစုပေါင်း ၁၅၄၀၄၁၆ တင်းထွက်ရှိပြီး ထွက်ရှိသောမြေပဲကို ဒေသတွင်း၌ ကြိတ်ခွဲထုတ်လုပ်ရောင်းချကြကြောင်း သိရသည်။

**ငွေကျပ် ၁၀၀၀ ခန့်မြင့်တက်**

ဇန်နဝါရီလ တတိယပတ်တွင် ဈေးကွက်အတွင်း ဖြစ်ပေါ်နေသော မြေပဲဆန်ဈေးနှုန်းများမှာ မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဒီဇင်ဘာလတတိယပတ်တွင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ဖြင့်သာ ရောင်းချနိုင်ခဲ့ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ တတိယပတ်နှင့် ဇန်နဝါရီလ တတိယပတ် နှိုင်းယှဉ်လျှင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

DOCA(မန္တလေး)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရုံးကြီးလမ်း၊ အိုးဘို ရပ်ကွက်၊ အမှတ်(၆၇)၊ (၄)လွှာ(ဘီ) မီနီကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုလက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မျိုးမြင့် [၁၂/ကမတ(နိုင်)၀၅၉၈၅၅]ထံမှ ကျွန်ုပ်တို့မှ အပြီးပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေထွန်းအောင်** [၁၂/လသန(နိုင်)၀၁၉၇၈၀]

**ဒေါ်ခိုင်သူဇာ** [၁၂/ပဇတ(နိုင်)၀၃၁၁၈၁]

**ဖုန်း- ၀၉-၅၁၂၁၁၅၉**

### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





## စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရကျောင်းသားဟောင်းများ၏ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်ခြင်း

(၂၄)ကြိမ်မြောက် စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားဟောင်းများ၏ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၀၂၃ ခုနှစ်၊ မေလတွင် ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသားဟောင်းများ ကန်တော့ငွေ ပါဝင်လှူဒါန်းလိုပါက Bank Name: AYA BANK Naypyitaw, Account No:400–276–77278,Customer Name:Hnin Yu Lwin, Swe Swe Mar, Aye Moe San ထံသို့ ပေးပို့လှူဒါန်းနိုင်ပါကြောင်းနှင့် ဖုန်း–၀၉–၈၈၃၈၆၄၈၈၆ သို့လည်း ဆက်သွယ်၍ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ ပူဇော်ကန်တော့ပွဲ ကျင်းပမည့်အချိန်၊ နေ့ရက်၊ နေရာနှင့် ကျင်းပမည့် ပုံစံတို့ကို ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

**ပူဇော်ကန်တော့ပွဲကျင်းပရေးကော်မတီ**

## ပေါက်ခေါင်းမြို့၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြော

ပေါက်ခေါင်း ဇန်နဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့ သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ယနေ့ မွန်းလွဲပိုင်းက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အသိပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြည်ခရိုင်လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးက အဖွင့်အမှာစကားနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပါ အခွင့်အရေးများနှင့်ပတ်သက်၍ ကလေးသူငယ်ဥပဒေပေါ်ပေါက်လာပုံ၊ ကလေးသူငယ်အခွင့်အရေးများ(အသက်နှင့်စပ်လျဉ်းသည့် ပဋ္ဌာန်းချက်များ)၊CRC ဖွဲ့စည်းဆောင်ရွက်မှု၊ ရည်ရွယ်ချက်၊ ကလေးသူငယ်မွေးစားခြင်း၊ ဘာသာအမျိုးမျိုးအလိုက် ပြဋ္ဌာန်းထားသောဥပဒေများနှင့် မသန်စွမ်းကလေးသူငယ်များရရှိနိုင်သော အခွင့်အရေးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဂျမ်းဂျမ်းအေးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပါ ပြစ်မှုပြစ်ဒဏ်များနှင့်သက်ဆိုင်ရာ ပြစ်မှုပုဒ်မအလိုက် ကျခံရမည့်ပြစ်ဒဏ်များကို အသိပညာပေးဟောပြောဆွေးနွေးကြောင်း သိရသည်။



**သန်းထွန်းအောင်(ပြန်/ဆက်)**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ အသုံးပြု၍ Desktop Computer နှင့် Fax Machine အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါအမှတ် | - Tender.15.Equipment(3rd) (2022–2023) |
| တင်ဒါစတင်သည့်ရက် | - ၂၆- ၁ - ၂၀၂၃ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့် ရက်နှင့်အချိန် | - ၈-၂-၂၀၂၃ ရက်နေ့ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း–၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## စဉ့်ကူးမြို့နယ် ကျီတော်ကုန်းကျေးရွာနှင့် ကျောက်တိုင်ကျေးရွာတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

စဉ့်ကူး ဇန်နဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျီတော်ကုန်းကျေးရွာနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် ကျောက်တိုင်ကျေးရွာတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်စိုး ဦးဆောင်၍ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်အောင်စိုးနှင့် ဌာနဝန်ထမ်းများလိုက်ပါလျက် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ကျေးရွာပြည်သူထည့်ဝင် ငွေကျပ် ၅၅သိန်း လေးသောင်းကျော်တို့ဖြင့် ကျီတော်ကုန်းကျေးရွာ၌ ဆောင်ရွက်သည့် ကွန်ကရစ်လမ်း အရှည်ပေ ၇၀၀ ၊ အကျယ် ၁၂ ပေ၊ ၃ ခြောက်လက်မ ရှိသည့် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေအား စစ်ဆေးပြီး ကျေးရွာကော်မတီများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ☆ ကျောဖုံးမှ

"လက်ရှိမှာ ဗီယက်နမ်နိုင်ငံကို သကြားတင်ပို့နေပါပြီ။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကတည်းက သကြားစက်တွေ စတင်လည်ပြီးတော့ တန်ချိန် ၅၀၀၀ ကိုတော့ ပို့ပြီးပါပြီ။ ပြည်ပမှာ သကြားဈေးကတစ်တန်ကို အမေရိကန်ဒေါ်လာ ၅၅၀ ဝန်းကျင်ရှိပါတယ်။ သကြားကို ကမ်းလှမ်းတာတွေကတော့ အာရှနိုင်ငံတွေ၊ အနောက်နိုင်ငံတွေနဲ့ တရုတ်နိုင်ငံတွေ ရှိပါတယ်။ ပြည်တွင်းစားသုံးမှုကို အဓိကဦးစားပေးတာကြောင့် အဲဒီနိုင်ငံတွေက ကမ်းလှမ်းတာကို မရောင်းချနိုင်သေးပါဘူး။ လာမယ့်နှစ်တွေမှာ ထုတ်လုပ်မှုတွေ တိုးတက်လာရင် ပို့နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကြံစိုက်ဧကတွေကလည်း တိုးလာတာတွေ့ရပါတယ်။ ပြည်ပတင်ပို့တာက ပြည်တွင်းစားသုံးမှု ဖူလုံတဲ့အတွက် တင်ပို့ရောင်းချနေတာပါ။ အဓိကအနေနဲ့ကတော့ ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဦးတည်ဆောင်ရွက်ပါတယ်။ တစ်နှစ်တစ်နှစ်ကို သကြားတန်ချိန် ၄၅၀၀၀၀ ထွက်ပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ အနောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (တောင်ပိုင်း) နှင့် စစ်ကိုင်းတိုင်း ဒေသကြီးရှိ သကြားစက်ရုံများလည်ပတ်ကာ သကြားများကို ထုတ်လုပ်နေပြီဖြစ်ကြောင်း၊ ကြံစိုက်ဧကများအနေဖြင့် ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးကြပြီး ဒုတိယအနေဖြင့် ပဲခူးတိုင်းဒေသကြီးက အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

**မောင်အေးချမ်း**

## မိုင်းပျဉ်းမြို့နယ်တွင် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေး စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိ



မိုင်းပျဉ်း ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်ရုံးမှ ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များအတွင်းနှင့် ကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရာ၌ ဖြစ်ပေါ်လာသော လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများအား လျှော့နည်းကျဆင်းစေရေးအတွက် ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ တရားမဝင် ဓာတ်အားသုံးစွဲမှု စစ်ဆေးခြင်း၊ ရပ်၊ပျက်၊နှေး မီတာများ စစ်ဆေးလဲလှယ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းလုပ်ငန်းဆောင်ရွက်မှုများကို မြို့ပေါ်ရပ်ကွက်များ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသော ကျေးရွာ ၄၃ ရွာတို့တွင် စဉ်ဆက်မပြတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝိုးတောင်း**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်လွှာ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး



ပိဋကတ်ကျောက်စာဓမ္မစေတီတော်
(ကျောက်စာချပ်-အလျား ၄၅"၊ အမြင့် ၉၃"၊
အထူ ၇. ၂")၂ ချပ်ပါ



ပိဋကသုံးပုံ(၁)စုံလျှင် (၄၀)အုပ်
(ပါဠိရိုမန်အင်္ဂလိပ်/ပါဠိမြန်မာ)



အလှူရှင်၏ကမ္ပည်းမှတ်တမ်း

၁။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်းမှ ကျောက်စာဓမ္မစေတီတော်များရှိ ကျောက်စာချပ်(၁၄၄၀)ချပ်အပေါ်တွင် ကျောက်ထက်အက္ခရာတင်ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်)တို့ကို ပါဠိမြန်မာ၊ ပါဠိရိုမန်အက္ခရာနှစ်မျိုးတို့ဖြင့် ကျမ်းစာအုပ်တစ်အုပ်တွင်ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ ဥရောပနိုင်ငံမှ ထုတ်လုပ်သော(Creamy)အမျိုးအစားစက္ကူ 60 gsm၊ သားရေအဖုံးရွှေသွင်းတို့ဖြင့် စနစ်တကျစိစစ်ပြုစုပုံနှိပ်ပြီး ကျမ်းစာအုပ်(၄၀ အုပ်) (၁)စုံလျှင် (၁၂)သိန်းကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ရေးနှိုးဆော်ခဲ့ရာ အလှူရှင်ပြည်သူများက စေတနာသဒ္ဓါတရားထက်သန်စွာ ထည့်ဝင်လှူဒါန်းခဲ့ကြသောကြောင့် ၅၀၀ စုံ(၂၀၀၀၀ အုပ်)အတွက် လှူဒါန်းပြီးစီးခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ဒုတိယအကြိမ်အဖြစ် ဘာသာရေးကျမ်းစာအုပ်များကိုသာ ပုံနှိပ်ရန်အတွက် သန့်ရှင်းသောမြေပေါ်တွင် သီးသန့်စိုက်ပျိုးထားသည့် ထင်းရှူးပင်မှရသော ကုန်ကြမ်းအား အသုံးပြုပြီး အထူးအမှာစာပေးပို့မှာယူရသည့် ဂျပန်နိုင်ငံထုတ်(Creamy Coated Paper)ဖြင့် ဆဋ္ဌသင်္ဂါယနာမူပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်)၅၀၀ စုံ(၂၀၀၀၀ အုပ်)တို့ကို ထပ်မံထုတ်ဝေပူဇော်ပြီး လိုအပ်နေသေးသည့် ထေရဝါဒဗုဒ္ဓဘာသာသင်ကြားပေးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ တက္ကသိုလ်ကြီးများ၊ သာသနာပြုကျောင်းများ၊ ပြည်တွင်းရှိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အပြင် အလှူရှင်မှကိုယ်တိုင်ဝယ်ယူ၍ မိမိအစီအစဉ်ဖြင့် လှူဒါန်းလိုပါကလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟူသော ပါဠိတော်အရ အလှူဒါနအားလုံးတို့တွင် ဓမ္မဒါနသည် အမြတ်ဆုံးဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းများအနေဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုပါက ကျမ်းစာအုပ်များ၌ **အလှူရှင်၏အမည်ကမ္ပည်းမှတ်တမ်းအား** အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး ပိဋကတ်ပါဠိတော် ၅၃ ကျမ်း(၄၀ အုပ်)(၁)စုံလျှင် (၂၀)သိန်းကျပ်နှုန်းဖြင့် အင်းဝဘဏ်ငွေစာရင်းအမှတ်-၁၀၀၀၁၀၀၀၁၄၄၄၄၀၁၊ မြဝတီဘဏ်ငွေစာရင်းအမှတ်- ၁၁၀၀၁၀၀၀၀၀၂၇၇၇၂ နှင့် ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်- ၀၃၄၃၀၄၀၃၄၀၂၇၁၉၂၀၁ တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်း နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်-

ဆက်သွယ်လှူဒါန်းရန်၊ ဦးစိုးလွင်ကျော်-ဖုန်း-၀၉-၆၉၁၀၀၀၉၆၉၊ ၀၉-၄၅၀၀၇၀၀၂၉၊ ဒေါ်အေးအေးကြည်-ဖုန်း-၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ပိဋကတ်ကျောက်စာဓမ္မစေတီတော်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၃၆၈၉။ | သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်တပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ | ၅၃၁၀၀၀၀ (ဓမ္မစေတီတော်-၁ ဆူ ဆဋ္ဌမအကြိမ်) |
| ၃၆၉၀။ | အလုပ်သင်ဗိုလ်အမှတ်စဉ်(၅)မှ ကျောင်းဆင်းမိသားစုများ | ၆၀၀၀၀၀၀ (ဓမ္မစေတီတော်-၁ ဆူ ဒုတိယအကြိမ်) |
| ၃၆၉၁။ | ဗိုလ်မှူးကြီးစံပြည့်(ငြိမ်း)+ဒေါ်အေးအေးသန်း သား၊ သမီး၊ မြေးမိသားစုကောင်းမှု | ၁၀၀၀၀၀၀၀ (ဓမ္မစေတီတော်-၁ ဆူ ပထမအကြိမ်) |
| ၃၆၉၂။ | ဦးဝင်းဖေ+ဒေါက်တာခင်ကျော့ယဉ် သားသမီးများဖြစ်ကြသော ဒေါက်တာမင်းမင်းအောင်သူ+ဒေါက်တာစုမင်းမင်းထိုက်၊ ကိုနေမင်းထိုက်+မဖြူစင်ဝင်းမောင်၊ မြေးများဖြစ်သော မောင်သိခ်မင်းမင်းဇော်၊ မခြူးမြတ်ကြယ်စင်မိသားစုကောင်းမှု | ၂၇၉၀၀၀၀၀ (ဓမ္မစေတီတော်-၁ ဆူ) |
| ၃၆၉၃။ | (ဦးအောင်ဒွန်း+ဒေါ်ချိန်)၊ (ဒေါ်တင်တင်၊ ဦးထွန်းအောင်၊ ဒုတိယဗိုလ်မှူးကြီးဒေါက်တာလှကျော်ဖေ)၊ ကျောင်းအမကြီးဒေါ်အေးမြိုင်မိသားစုကောင်းမှု | ၂၇၉၀၀၀၀၀ (ဓမ္မစေတီတော်-၁ ဆူ) |
| ၃၆၉၄။ | ကွယ်လွန်သူမိဘနှစ်ပါးဖြစ်သော ဖခင်ဦးဘစီနှင့်မိခင် ဒေါ်သောင်းရွှေ တို့အားရည်စူး၍ သားသမီးများဖြစ်ကြသော ဦးအောင်ကျော်မြင့်၊ ဦးအောင်တင့်၊ ဒေါ်တင်တင်မေနှင့်မြေးများ ဦးဇော်ဇော်အောင်၊ ဦးထွန်းထွန်းကျော်၊ ဒေါ်အေးစန္ဒာမြင့် မိသားစုကောင်းမှု | ၂၇၉၀၀၀၀၀ (ဓမ္မစေတီတော်-၁ ဆူ) |
| ၃၆၉၅။ | ဦးအောင်ကျော်မြင့်နှင့်ဇနီး ဒေါ်မေဦးလွင်မိသားစု (မန္တလေးမြို့) | ၂၇၉၀၀၀၀၀ (ဓမ္မစေတီတော်-၁ ဆူ) |
| ၃၆၉၆။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးထင်ဇော်နှင့်ဇနီး ဒေါ်လဲ့လဲ့မွန်၊ (သမီး)ဒေါက်တာသီရိဇော်+ဒေါက်တာကောင်းမြတ်အောင်၊ (မြေး)မဆုသီရိထက်မိသားစု | ၅၉၀၀၀၀၀ (ဓမ္မစေတီတော်-၁ ဆူ တတိယအကြိမ်) |
| ၃၆၉၇။ | ဦးသူရအောင်ဘိုနှင့်ဇနီး ဒေါ်မိုးမိုးစိုး၊ (သား)မောင်ရဲရင့်အောင်၊ မောင်အောင်သူရထွန်းမိသားစု | ၄၆၅၀၀၀၀ (ဓမ္မစေတီတော်-၁ ဆူ စတုတ္ထအကြိမ်) |

### သာသနိကအဆောက်အဦ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၃၆၉၈။ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (မြန်မာမှုတစ်ဖက်လှခြံစည်းရိုး-၃ ခန်း၊ လမ်းမီးတိုင်-၇ တိုင်၊ စိန်တောင်စကျင်ကနုတ်- ၃ခု၊ စကျင်ကျောက်ပြား-၂ ကျင်း၊ မဟာရံတံတိုင်းအင်္ဂတေ-၂ ကျင်း၊ ကွန်ကရစ်-၂ ကျင်း) | ၂၂၅၇၉၀၀၀ |
| ၃၆၉၉။ | ဗိုလ်မှူးစံလင်း(ငြိမ်း)+ဒေါ်တင်အုန်း သား၊ သမီး၊ မြေးမိသားစု | ၁၂၀၀၀၀၀ |
| ၃၇၀၀။ | ဗိုလ်မှူးချုပ်သန်းနိုင်မိသားစု | ၁၀၀၀၀၀၀ (လမ်းမီးတိုင်-၁ တိုင်) |
| ၃၇၀၁။ | ကွယ်လွန်သူဦးဘရင်+ဒေါ်စိန်မေ၊ ဦးသိန်းအောင်+ဒေါ်ထွေးချစ်၊ ဦးစန်းမောင်+ဒေါ်ထားတင်နှင့်အစ်ကို ဦးသန်းဇော်မိုးတို့အားရည်စူး၍ ဒေါ်ကြည်ကြည်ဝင်း(စာတည်း၊ စာပေဗိမာန်ရုံး)ကောင်းမှု | ၄၇၀၀၀၀ (စကျင်ကျောက်ပြား-၁ ကျင်း) |
| ၃၇၀၂။ | ဒုတိယတပ်ကြပ်ဝင်းမော် | ၄၁၀၀၀၀ (မဟာရံတံတိုင်းအင်္ဂတေ-၁ ကျင်း) |
| ၃၇၀၃။ | မြေပြင်အတတ်သင်လေတပ်စခန်းမှအရာရှိနှင့်စစ်သည်မိသားစုများ | ၂၃၀၀၀၀ |
| ၃၇၀၄။ | ဦးမြဝင်း+ဒေါ်ခင်ကြည်တို့အားအမှူးထား၍(သမီး)မမူမူစန်း | ၂၀၀၀၀၀ |
| ၃၇၀၅။ | တပ်ကြပ်ကြီးမျိုးကိုအားရည်စူး၍ ဇနီးဒေါ်သန်းသန်းဌေးနှင့် (သား)မောင်ဘုန်းမြတ်သူမိသားစုကောင်းမှု | ၁၂၀၀၀၀ (Garden Light-၁ တိုင်) |
| ၃၇၀၆။ | ဦးထွန်းရွှေ+ဒေါ်ခင်ကြွေ မိဘရိပ်အမှုန့်ကြိတ်စက်မိသားစု (အင်္ဂပူမြို့) | ၁၀၀၀၀၀ |
| ၃၇၀၇။ | ဦးကျော်အုန်းသန်း+ဒေါ်ချိုချိုနိုင်မိသားစု | ၁၀၀၀၀၀ |
| ၃၇၀၈။ | ဦးတင်ဝင်း+(ဒေါ်ခင်မာရီ)နှင့်ဒေါ်ဝင်းထိုက်၊ (သား)မောင်တေဇမောင်မိသားစု | ၁၀၀၀၀၀ |
| ၃၇၀၉။ | ဦးညွန့်ဝင်း+ဒေါ်ခင်မမမိသားစု | ၁၀၀၀၀၀ |
| ၃၇၁၀။ | ကွယ်လွန်သူဦးလှသောင်းအားရည်စူး၍ ဒေါ်သန်းလှမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၃၇၁၁။ | ကွယ်လွန်သူဒေါ်တင်လှ(၁)နှစ်ပြည့်အားရည်စူး၍ ခင်ပွန်းဦးမောင်မြင့်နှင့် သား၊ သမီး၊ မြေးများကောင်းမှု | ၁၀၀၀၀၀ |
| ၃၇၁၂။ | တရားလွှတ်တော်ရှေ့နေ ဦးမျိုးသန့်နှင့်ဇနီး ဒေါ်နှင်းသက်ဝေ၊ (သမီး)မဖူးမြတ်သွယ်မိသားစု | ၅၀၀၀၀ |
| ၃၇၁၃။ | ဦးကိုကို+ဒေါ်ယဉ်ယဉ်မြမိသားစု | ၅၀၀၀၀ |
| ၃၇၁၄။ | ဗိုလ်ကြီးမြင့်ဦး+ဒေါ်ဝင်းဝင်းမာ၊ (သမီး)မသဲသဲခိုင်မိသားစု | ၃၀၀၀၀ |
| ၃၇၁၅။ | ဦးသိန်း+ဒေါ်စန်းဌေးမိသားစု (အရာတော်မြို့) | ၃၀၀၀၀ |

### ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၃၇၁၆။ | ဟိန်းထက်ဖြိုးကုမ္ပဏီမိသားစု | ၆၀၀၀၀၀၀ (ကျမ်းစာအုပ်-၅ စုံ) |
| ၃၇၁၇။ | ဦးကျော်ညိုမြတ်(အောင်မြန်မာအီလက်ထရောနစ်စင်တာ)မိသားစု | ၆၀၀၀၀၀၀ (ကျမ်းစာအုပ်-၅ စုံ) |
| ၃၇၁၈။ | ဒေါက်တာကျော်ဆန်း+ဒေါက်တာသင်းသင်းနွယ်၊ (သား)ဝေယံကျော်ဆန်း၊ မင်းကျော်ဆန်းမိသားစု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၁၉။ | ဦးတိုးထွန်းမြင့်+ဒေါ်ဌေးဌေးတင်၊ (သား)မောင်ညီညီတိုးပြည့်+မအိမေဖူး(သမီး)မတိုးအိန္ဒြာခင်မိသားစု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၀။ | ဦးမင်းဝဏ္ဏလွင်နှင့်ဇနီး ဒေါ်ဟန်အိစိုး၊ (သမီး)မဆုလာဘ်လွင်မိသားစု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၁။ | ဦးရဲတင့်လွင်နှင့်ဇနီး မစုစုလှိုင် Luck Moe Hlaing Co.,Ltd. မိသားစု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၂။ | မိုးထိအောင်စည်ဟိန်းကုမ္ပဏီမိသားစု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၃။ | ကွယ်လွန်သူအဘိုးအဘွားမိဘများ ဖြစ်ကြသောဦးဘိုးဝါ+ဒေါ်မယ်တင့်၊ ဦးကြင်သိမ်း+ဒေါ်စံမယ်၊ ဦးယုခင်+ဒေါ်ဆိုက်လျှံ၊ ဦးရန်နား+ဒေါ်စိန်အုပ်၊ ဦးဟန်ထိုင်+ဒေါ်အေးကြင်၊ ဦးခင်ဟုန်းတို့အားရည်စူး၍ ဦးထွန်းရှိန်+ဒေါ်ပုလဲ(ပုလဲဂေဟာမိသားစု) | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၄။ | (ဦးအောင်ဒွန်း+ဒေါ်ချိန်)၊ (ဒေါ်တင်တင်၊ ဦးထွန်းအောင်၊ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာလှကျော်ဖေ)၊ ကျောင်းအမကြီးဒေါ်အေးမြိုင်မိသားစုကောင်းမှု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၅။ | ကျေးဇူးရှင်ဘိုးဘွားမိဘများနှင့် ကွယ်လွန်သူများအားရည်စူး၍ ဒေါ်ခင်ခင်ချို (၇၈)နှစ် မွေးနေ့အလှူ | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |
| ၃၇၂၆။ | ဦးခင်မောင်သန်း+ဒေါ်တင်တင်အေးမိသားစု | ၁၂၀၀၀၀၀ (ကျမ်းစာအုပ်-၁ စုံ) |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့အားလုံး ဖြတ်သန်းလာခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုခဲ့တဲ့ (၇)နှစ်ပြည့်ကာလမှာ ကျွန်တော့်အနေနဲ့-**

- **ဖြတ်သန်းလာခဲ့ရတဲ့ ကာလတစ်လျှောက် အတွေ့အကြုံတွေအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းနဲ့ တည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ရဲ့ အကျိုးအပြစ်တွေကို သုံးသပ်ဆင်ခြင်ပြီး NCA စာချုပ်ရဲ့ တန်ဖိုးအနှစ်သာရပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါ။**
- **ဒို့တာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သော ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်အောင်မြင်နိုင်ဖို့ NCA စာချုပ်ပါ ကတိကဝတ်တွေကို လေးလေးစားစားလိုက်နာကြပါ။**
- **အမျိုးသားနိုင်ငံရေးအတွေးအမြင်ကြွယ်ဝသော၊ နိုင်ငံသားသစ္စာတရားပြည့်ဝသော နိုင်ငံကြီးသား စိတ်ထားရှိသူတွေ ဖြစ်လာစေရန် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်သွားကြပါ။**
- **NCA မှာ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် အဖွဲ့အစည်းတွေပါဝင်လာစေဖို့အတွက် နှီးနှောတိုက်တွန်းမှုတွေ၊ စည်းရုံးသိမ်းသွင်းမှုတွေ တတ်စွမ်းနိုင်သမျှ ပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်းတစ်ခု စိုက်ထူသွားကြပါစို့လို့ နှီးနှောတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ယခုနှစ် ကြံရာသီတွင် ဗီယက်နမ်နိုင်ငံသို့ သကြားဖြူ တန်ချိန် ၅၀၀၀ စတင် တင်ပို့

**မန္တလေး ဇန်နဝါရီ ၂၅**

ယခုနှစ်ကြံရာသီတွင် ဗီယက်နမ်နိုင်ငံသို့ ပြည်တွင်း ထွက်ကုန်ဖြစ်သော သကြားဖြူ တန်ချိန် ၅၀၀၀ ကို စတင်တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောကြားသည်။



**တင်ပို့ရောင်းချသွားမည်**

သကြားစက်ရုံများတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလဆန်းမှစ၍ ကြံများကို ထုတ်လုပ်နေပြီး ယင်းစက်ရုံများမှ ထွက်ရှိလာသည့် သကြားများကို လက်ရှိအချိန်တွင် ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၅၀၀၀ ကို စတင်တင်ပို့ထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ကျန်တန်ချိန်များကိုလည်း တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ☆**

**ယနေ့ ဖတ်စရာ**

**ကျိုက်ထီးရိုးဘုရားဖူးမြော်ရန်လာရောက်သည့် ဘုရားဖူးယာဉ်ကို PDF အမည်ခံ အကြမ်းဖက်သမားများက ဗုံးပစ်လောင်ချာဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ဘုရားဖူးပြည်သူ အမျိုးသားတစ်ဦး သေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ**

စာမျက်နှာ » ၁၅